# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


### ဂုဏ်သတင်းပျံ့နှံ့လှိုင်ကြူ

ပန်းရနံ့သည် လေညာကိုမသွား၊ စန္ဒကူးအနံ့၊ တောင်ဇလပ်ပန်းအနံ့၊ စံပယ်ကြက်ရုန်းပန်းအနံ့သည်လည်း လေညာသို့မသွား။ သူတော်ကောင်းတို့၏ အနံ့သည်သာ လေညာသို့သွား၏။ သူတော်ကောင်းတို့၏ ဂုဏ်သတင်းသည် အရပ်မျက်နှာအားလုံးတို့သို့ ပျံ့နှံ့လှိုင်ကြူ၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၄)


၁၃၈၈ ခုနှစ်၊ နယုန်လဆန်း ၃ ရက် | ၂၀၂၆ ခုနှစ်၊ မေ ၁၈ ရက်၊ တနင်္လာနေ့ | အတွဲ (၆၅)၊ အမှတ်(၂၂၅)




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီးဥယျာဉ်အတွင်း စိမ်းလန်းစိုပြည်ရေး ထိန်းသိမ်းဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်

# ပြင်ဦးလွင်မြို့ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး၊ စိမ်းလန်းစိုပြည်ရေးနှင့် မြို့ပြဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ထားရှိမှုအခြေအနေများ ကြည့်ရှုစစ်ဆေး

နေပြည်တော်  မေ  ၁၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ဇနီး ဒေါ်ကြူကြူလှ၊ ခရီးစဉ်တွင်လိုက်ပါလာသည့်အဖွဲ့ဝင်များ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ပြင်ဦးလွင်မြို့ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး၊ စိမ်းလန်းစိုပြည်ရေးနှင့် မြို့ပြဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ထားရှိမှုအခြေအနေများအား ကြည့်ရှုစစ်ဆေးသည်။

**ပွဲကောက်ရေတံခွန်**
**အပန်းဖြေစခန်း(B.E FALLS)**

ဦးစွာ နိုင်ငံတော်သမ္မတနှင့်ဇနီး၊ အဖွဲ့ဝင်များသည် ပွဲကောက်ရေတံခွန် အပန်းဖြေစခန်း (B.E FALLS) သို့ ရောက်ရှိကြရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်ဇနီး၊ အဖွဲ့ဝင်များသည် 5D LED မှန်တံတားအား ဖြတ်သန်းကြပြီး ဆင်ကလေးများ၏ ကျွမ်းကျင်မှုနှင့်အလှပြ ပြကွက်များ၊ Dinosaur Kingdom အတွင်းခင်းကျင်းထားရှိမှုများကို ဘာဂီယာဉ်ငယ်များဖြင့် လှည့်လည်ကြည့်ရှုပြီး Sky Cable Car ဖြင့် လိုက်ပါစီးနင်းသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် အပန်းဖြေစခန်းအတွင်း 5D Cinema ဆောင်ရွက်သွားမည့်အခြေအနေများအား ရှင်းလင်းတင်ပြမှုအပေါ် လိုအပ်သည်များ

*စာမျက်နှာ ၃ ကော်လံ ၁ ➜*

### လေဖိအားနည်းရပ်ဝန်း အားလျော့သွားခဲ့ပြီးဖြစ်

နေပြည်တော်  မေ  ၁၇

ယနေ့ နံနက် ၅ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် အားလျော့သွားခဲ့ပြီးဖြစ်သည်။

မိုး/ဇလ

**ယနေ့ ဖတ်စရာ**


သဘာဝဘေး လျော့ပါးရေးအတွက် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ဆောင်ရွက်ချက်များ — ဆောင်းပါး စာ ၆

မိုးဦးနှင့်အတူ ပညာပန်းပွင့်လန်းရာ ကျောင်းတော်များ၏ နွေးထွေးသောကြိုဆိုခြင်း — ဆောင်းပါး စာ ၁၀

# မုတ်သုံအဝင်၊ အယ်နီညိုဖြစ်စဉ်နှင့် စိုက်ရေးပျိုးရေးတို့ မထိခိုက်စေရေး

ယခုနှစ် မေလမှ ဇူလိုင်လအတွင်း အယ်နီညို (El Niño) ရာသီဥတု စတင်ဖြစ်ပေါ်ရန် ၈၂ ရာခိုင်နှုန်းအထိ သေချာနေပြီဖြစ်သည်ဟု ကမ္ဘာ့မိုးလေဝသအဖွဲ့ (WMO) နှင့် အမေရိကန်အမျိုးသား သမုဒ္ဒရာနှင့် လေထု စီမံခန့်ခွဲမှုအဖွဲ့ (NOAA) တို့က ထုတ်ပြန်ထားကြောင်း နိုင်ငံတကာသတင်းများတွင် တွေ့ရသည်။ ပစိဖိတ်သမုဒ္ဒရာအတွင်း ရေပြင်အပူချိန်များ စံချိန်တင် လျင်မြန်စွာ မြင့်တက်လာနေခြင်းကြောင့် ယခုနှစ်ကုန်ပိုင်း အောက်တိုဘာမှ နောက်နှစ် ဖေဖော်ဝါရီအတွင်း အလွန်အားကောင်းသော Super El Niño အဆင့်အထိ ရောက်ရှိလာနိုင်သည်ဟု ခန့်မှန်းထားသည်။

အဆိုပါ အယ်နီညိုရာသီဥတုဖြစ်ပေါ်လာပါက မြန်မာနိုင်ငံအပါအဝင် အာရှဒေသများတွင် အပူချိန် အလွန်မြင့်မားသည့် အခြေအနေ ကြုံတွေ့နိုင်သည်။ ၂၀၂၆ ခုနှစ်နှင့် ၂၀၂၇ ခုနှစ်တို့သည် ကမ္ဘာ့သမိုင်းတစ်လျှောက် အပူဆုံးနှစ်များဖြစ်လာနိုင်သည်ဟု ဆိုသည်။ အရှေ့တောင်အာရှဒေသတွင် ပုံမှန်ထက်မိုးရွာသွန်းမှု လျော့နည်းပြီး မိုးခေါင်ရေရှားမှုများဖြစ်ပေါ်လာနိုင်သည်ဟုလည်း ခန့်မှန်းဖော်ပြထားသည်။ အပူရှိန်ပြင်းပြီး မိုးရွာသွန်းမှုလျော့နည်းခြင်း၊ မိုးခေါင်ခြင်းတို့က စပါးနှင့်အခြား သီးနှံစိုက်ပျိုးထုတ်လုပ်မှုတို့ကို ကျဆင်းစေနိုင်သည်။

"စိမ်းလန်းစိုပြည်ရေးနှင့်ပတ်သက်၍ ရာသီဥတု ပူပြင်းလာခြင်းကို မိမိတို့အနေဖြင့် ပြောင်းလဲ၍မရနိုင်သော်လည်း သက်သာအောင် ဆောင်ရွက်နိုင်ကြောင်း၊ ရပ်ရွာများ၊ မြို့များအလိုက် သစ်ပင်များ စိုက်ပျိုးခြင်း၊ လမ်းဘေးဝဲ/ယာတစ်လျှောက် စနစ်တကျဖြင့် သစ်ပင်များစိုက်ပျိုးခြင်းဖြင့် ပူပြင်းသည့်ရာသီဥတုကို တွန်းလှန်နိုင်မည်ဖြစ်သကဲ့သို့ စိမ်းလန်းစိုပြည်သည့် ပတ်ဝန်းကျင်နှင့် ညီညွတ်မျှတသည့် ရာသီဥတုရရှိစေနိုင်မည်ဖြစ်ကြောင်း" နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ MSME လုပ်ငန်းရှင်များနှင့် မေလ ၁၅ ရက်က တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့ရာ ဒေသစိမ်းလန်းစိုပြည်ရေးအတွက် ယခုနှစ်တွင် အပင်သစ်များ စိုက်ပျိုးသလို ယခင်နှစ်များက စိုက်ပျိုးထားခဲ့သည့် သစ်ပင်များကောင်းစွာရှင်သန်နိုင်ရန် ဆက်လက်ပြုစုခြင်း၊ အပင်သေများနေရာတွင် အစားထိုးပြန်လည်စိုက်ပျိုးခြင်းတို့ကို မပျက်မကွက်ပြုလုပ်ကြရန် လိုသည်။

မကြာမီကျရောက်လာတော့မည့် မိုးရာသီ သစ်ပင်များစိုက်ပျိုးခြင်း၊ စပါးနှင့် အခြားသီးနှံများ စိုက်ပျိုးခြင်းတို့တွင် အယ်နီညိုရာသီဥတုဖြစ်ပေါ်လာပါက ကြုံတွေ့ရမည့် အပူဒဏ်နှင့် မိုးခေါင်ရေရှားမှုအန္တရာယ်တို့ကို ကျော်လွှားနိုင်ရန် စိုက်ပျိုးရေးဆိုင်ရာနှင့် ရေသုံးစွဲမှုဆိုင်ရာတို့တွင် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်သွားကြရမည်ဖြစ်သည်။ စိုက်ပျိုးရေးတွင် ရေအနည်းငယ်သာလိုအပ်ပြီး မိုးခေါင်ဒဏ်ခံနိုင်ရည်ရှိသော မျိုးများ၊ သက်တမ်းတိုသီးနှံများ ပြောင်းလဲစိုက်ပျိုးခြင်း၊ စိုက်ပျိုးချိန်ကို မိုးလေဝသကြေညာချက် စောင့်ကြည့်ပြီးမှ ချိန်ညှိဆုံးဖြတ်ခြင်း၊ မြေဆီလွှာအစိုဓာတ်ထိန်းရန် ကောက်ရိုး၊ ဖွဲပြာ၊ သစ်ရွက်ခြောက်များဖြင့် စိုက်ခင်းမြေကို ဖုံးအုပ်ပြီး ရေငွေ့ပျံခြင်းကို လျှော့ချခြင်း၊ အပင်ခြေကို တိုက်ရိုက် ရေပေးသည့် အစက်ချရေပေးစနစ် သို့မဟုတ် ရေဖျန်းစနစ်ကို အသုံးပြုခြင်း စသည်ဖြင့် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ရန်လိုမည်ဖြစ်သည်။

ရေသုံးစွဲမှုနှင့်စပ်လျဉ်း၍လည်း မိမိတို့ဒေသအတွင်းရှိသည့် ရေအရင်းအမြစ်များကို မပျက်စီးအောင် ထိန်းသိမ်းစောင့်ရှောက်ပြီး အကျိုးရှိရှိ ထိထိရောက်ရောက်သုံးစွဲကြရန်လိုသည်။ ရေလုံလောက်စွာ ရရှိရေးအတွက် ရေစုဆောင်းသည့် အလေ့အကျင့်ကောင်းများလည်းရှိကြရန် လိုအပ်ပြီး စုဆောင်းထားသည့် ရေများကို စိုက်ပျိုးရေးလုပ်ငန်းများနှင့် သောက်သုံးရေတို့အတွက် အကျိုးရှိစွာ သုံးစွဲကြရမည်ဖြစ်သည်။

အယ်နီညိုဖြစ်စဉ်သည် ကမ္ဘာတစ်ဝန်းတွင် မိုးခေါင်ခြင်းနှင့် အပူချိန်မြင့်မားခြင်းတို့ကိုဖြစ်ပေါ်စေရာ ယခုနှစ်တွင် တောမီးလောင်ကျွမ်းမှုများ ကမ္ဘာတစ်ဝန်းတွင် ပြင်းထန်လာနိုင်သည်ဟု ပညာရှင်များက သတိပေးထားသလို ယခုနှစ် အစောပိုင်းကပင်စကာ တောမီးလောင်ကျွမ်းမှု စံချိန်တင်မြင့်မားနေပြီဖြစ်သည်။ ယခုနှစ် ဇန်နဝါရီလမှ မေလ ပထမပတ်အထိ တစ်ကမ္ဘာလုံးတွင် ဟက်တာပေါင်း ၁၆၃ သန်းကျော် လောင်ကျွမ်းထားခြင်းကြောင့် ၂၀၁၂ ခုနှစ်မှ စတင်မှတ်တမ်းတင်ထားသည့် စံချိန်များထက် ၂၀ ရာခိုင်နှုန်းခန့် ပိုမိုမြင့်မားလာခြင်းဖြစ်သည်ဟု သိရသည်။

ယခုနှစ်အတွက် အနောက်တောင် မုတ်သုံလေသည် မေလ ၁၃ ရက်မှ ၁၇ ရက်အတွင်း မြန်မာနိုင်ငံ တောင်ပိုင်းဒေသများသို့ စတင်ဝင်ရောက်နေပြီး မေလ ၁၈ ရက်မှ ၂၂ ရက်အတွင်း သို့မဟုတ် မေလ ၂၁ ရက်မှ ၂၄ ရက်အတွင်း တစ်နိုင်ငံလုံးသို့ အားကောင်းစွာ ပျံ့နှံ့ဝင်ရောက်မည်ဟု ခန့်မှန်းထားရာ မုတ်သုံဝင်ရောက်ချိန် မိုးလေဝသဖြစ်စဉ်များကို သတိပြုရန်နှင့် အယ်နီညို အစွန်းရောက်ရာသီဥတုဖြစ်စဉ်၏ သက်ရောက်မှုများကို သတိပြုနိုင်ရန် အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်လျက်ရှိသည့် မိုးလေဝသသတင်းများကို သတိပြုနားထောင်ပြီး စိုက်ရေးပျိုးရေးတို့ကို အောင်မြင်အောင် ပြင်ဆင်ဆောင်ရွက်ကြရပါမည့်အကြောင်း။ ။

## မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီသို့ ဆက်သွယ်တိုင်ကြားနိုင်ပါသည်

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီသည် ၂၀၁၄ ခုနှစ်၊ မတ်လ ၁၄ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်က ဥပဒေအမှတ် (၁၂) ဖြင့် အတည်ပြုပြဋ္ဌာန်းခဲ့သည့် သတင်းမီဒီယာဥပဒေနှင့်အညီ ကောင်စီ၏ လုပ်ငန်းအရပ်ရပ်ကို ဆောင်ရွက်လျက်ရှိပါသည်။

သတင်းမီဒီယာဥပဒေအခန်း(၈) အရေးယူခြင်းအခန်း၏ "ပုဒ်မ ၂၁ တွင် နစ်နာသောဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်သည် သတင်းမီဒီယာသမားတစ်ဦးက ပုဒ်မ ၉ တွင် ပြဋ္ဌာန်းထားသည့် တာဝန်နှင့် ကျင့်ဝတ်သိက္ခာတစ်ရပ်ရပ်ကို ချိုးဖောက်ကြောင်း ယူဆလျှင် ရေးဦးစွာ ကောင်စီသို့ တိုင်ကြားနိုင်သည်ဟုလည်းကောင်း၊ ပုဒ်မ ၂၂ တွင် ကောင်စီသည် ပုဒ်မ ၂၁ အရ တိုင်ကြားချက်ကို လက်ခံရရှိပါက နှစ်ဖက်တွေ့ဆုံညှိနှိုင်း ဖြေရှင်းခြင်းဆိုင်ရာ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရမည်ဟုလည်းကောင်း၊ ပုဒ်မ ၂၃ တွင် ပုဒ်မ ၂၂ အရ ကောင်စီ၏ ရှေ့မှောက်တွင် ညှိနှိုင်းဖြေရှင်းရာ၌ ပြေလည်မှုမရှိပါက တိုင်ကြားသူ သို့မဟုတ် ကျေနပ်မှုမရှိသူသည် သက်ဆိုင်ရာတရားရုံးတွင် ဥပဒေနှင့်အညီ တရားစွဲဆိုနိုင်သည်" ဟူ၍ ပြဋ္ဌာန်းထားပါသည်။

သို့ဖြစ်ရာ နစ်နာသောဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်သည် သတင်းမီဒီယာသမားတစ်ဦးက ပြဋ္ဌာန်းထားသော တာဝန်နှင့် ကျင့်ဝတ်သိက္ခာတစ်ရပ်ရပ်ကိုချိုးဖောက်ကြောင်းယူဆလျှင် ရေးဦးစွာ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ အမှတ် ၃၉၂-၃၉၆၊ ကုန်သည်လမ်း၊ (၉) ရပ်ကွက် ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း ၀၉-၄၄၈၀၂၆၃၂၆၊ Email mmpresscouncil@gmail.com သို့ တိုင်ကြားနိုင်ပါသည်။

**မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ**

## ၁၇ - ၅ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉ . ၂၅ ဂရမ် / ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ ၇၁၀၀၀၀၀ ကျပ် ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ**

## အင်အားအနည်းငယ်ရှိ မြေငလျင်တစ်ခု လှုပ်ရှား

နေပြည်တော် မေ ၁၇

ယနေ့နံနက် ၃ နာရီ ၄၆ မိနစ် ၁၆ စက္ကန့်တွင် ကမ္ဘာ့အေးမြေငလျင်စခန်းမှ အနောက်တောင်ဘက် ၃၀၃ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်ပ (Andaman Islands, India Region)၊ မြောက်လတ္တီတွဒ် ၁၃ ဒသမ ၁၉ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒသမ ၆၁ ဒီဂရီ၊ အနက် ၇၉ ကီလိုမီတာခန့်ကို ဗဟိုပြု၍ ပမာဏ ၄ ဒသမ ၇ (M) အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။ **မိုး/ဇလ**

## လျှပ်စစ်ကိုချွေတာသုံးစွဲခြင်းဖြင့် မီတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ။

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၈ - ၅ - ၂၀၂၆

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၄၅၆၅ | ၄၇၅၅ | ၄၆၉၀ | ၄၅၈၀ | ၄၇၅၅ | ၄၇၆၅ | ၄၈၁၅ | ၄၆၆၀ | ၄၈၁၅ | ၅၁၃၅ | ၄၆၈၅ | ၄၈၆၀ | ၄၇၉၀ | ၄၇၄၀ | ၄၇၄၅ | ၄၉၁၅ |
| 95 Ron | ၄၆၄၅ | ၄၈၃၅ | ၄၇၇၅ | ၄၆၆၅ | ၄၈၃၅ | ၄၈၅၀ | ၄၉၀၀ | ၄၇၄၅ | ၄၉၀၀ | ၅၂၁၅ | ၄၇၆၅ | ၄၉၆၅ | ၄၈၇၀ | ၄၈၂၅ | ၄၈၂၅ | ၅၀၃၅ |
| HSD (500 ppm) | ၄၈၂၀ | ၅၀၀၀ | ၄၉၄၀ | ၄၈၃၅ | ၅၀၀၀ | ၅၀၁၀ | ၅၀၆၀ | ၄၉၁၀ | - | ၅၃၆၅ | ၄၉၃၅ | ၅၄၀၅ | ၅၀၃၅ | ၄၉၉၀ | ၄၉၉၀ | ၅၁၉၀ |
| HSD (50 ppm) | ၅၈၁၅ | ၆၀၀၅ | ၅၉၄၅ | ၅၈၃၅ | ၆၀၀၅ | ၆၀၂၀ | ၆၀၇၀ | ၅၉၁၅ | ၆၀၇၀ | ၆၃၈၅ | ၅၉၃၅ | ၆၀၉၅ | ၆၀၄၀ | ၅၉၉၅ | ၅၉၉၅ | ၆၂၀၅ |
| HSD (10 ppm) | ၅၈၁၅ | ၆၀၀၅ | ၅၉၄၅ | ၅၈၃၅ | ၆၀၀၅ | ၆၀၂၀ | ၆၀၇၀ | ၅၉၁၅ | | ၆၃၈၅ | ၅၉၃၅ | ၆၀၉၅ | ၆၀၄၀ | ၅၉၉၅ | ၅၉၉၅ | ၆၂၀၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၄၃၃၀ | ၄၄၅၀ |
| 95 Ron | ၄၄၁၀ | ၄၅၃၂ |
| HSD (500 ppm) | ၄၅၉၁ | ၄၇၁၃ |
| HSD (50 ppm) | ၅၅၄၃ | ၅၆၈၃ |
| HSD (10 ppm) | ၅၅၄၃ | ၅၆၈၃ |

မှတ်ချက်။
(၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။
(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇- ၄၁၁၂၈၂၊ ၀၉-၆၈၀၅၈၉၈၈၈

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

မြန်မာ့အလင်း

စာတည်းမှူးချုပ် - ဟန်လင်းအောင်
စာတည်းမှူး - ခင်ရတနာ
စာတည်းများ - ကျော်ဇေယျာမြင့်၊ နေဇာဇာထွန်း
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်၊ ဇော်ဝိုင်းအောင်၊ ဝေသူနွယ်
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - ဇော်မင်းသန်းနှင့် အဖွဲ့
အကြီးတန်း - ကျော်သူဝင်း၊ တင်မောင်လွင်၊
သတင်းထောက်များ - ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
ဓာတ်ပုံသတင်းထောက် - တင်စိုး
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - မို့မို့အေးနှင့် နွဲ့မွန်တို့အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့

**နေပြည်တော်-ဒုတိယစာတည်းမှူးချုပ်** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ**-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@gmail.com

MYANMAR Digital News Presented by NPE www.mdn.gov.mm



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ပွဲကောက်ရေတံခွန်အပန်းဖြေစခန်း၌ ဆင်ကလေးများ၏ ကျွမ်းကျင်မှုနှင့်အလှပြ ပြကွက်ကို ကြည့်ရှုအားပေးစဉ်။

○ ရှေ့ဖုံးမှ

လမ်းညွှန်မှာကြားပြီး အပန်းဖြေစခန်းအတွင်း ဘာဂီယာဉ်ငယ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထိုသို့ လှည့်လည်ကြည့်ရှုစစ်ဆေးစဉ် တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် နိုင်ငံတော်သမ္မတက ပွဲကောက်ရေတံခွန် အပန်းဖြေစခန်း (B.E FALLS) အတွင်း ခရီးသွားများ၊ ပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် အပန်းဖြေအနားယူနိုင်ရေးအတွက် အမြဲသန့်ရှင်းသာယာလှပပြီး စိမ်းလန်းစိုပြည်မှုရှိအောင် ဆောင်ရွက်ထားရှိရန်၊ သစ်ပင်ပန်းမန်များကို စနစ်တကျ စိုက်ပျိုးရန်၊ လျှောက်လမ်းများနှင့် တံတားများ ကောင်းမွန်စေရေး ဆောင်ရွက်ထားရှိရန်၊ ချောင်းရိုးတစ်လျှောက် သန့်ရှင်းသာယာရေးနှင့် ရေများသန့်ရှင်းကြည်လင်မှုရှိစေရေး ထိန်းသိမ်းစောင့်ရှောက်သွားရန်၊ ဘေးကင်းလုံခြုံမှုရှိစေရေးနှင့် စနစ်တကျရှိစေရေး ဝန်ဆောင်မှုကောင်းပေးသွားရန်နှင့် အခြားဖြည့်စွက်ဆောင်ရွက်သင့်သည်များကို လမ်းညွှန်မှာကြားသည်။

ပွဲကောက်ရေတံခွန် အပန်းဖြေစခန်း (B.E FALLS) ကို သဘာဝအလျောက်တည်ရှိနေသည့် သစ်ပင်ကြီးများ၊ ကျောက်တုံးများနှင့် စီးဆင်းနေသော ချောင်းရေအား အရည်အသွေးမြှင့်ထိန်းသိမ်းပြီး သစ်တောဂေဟစနစ်များကို လေ့လာနိုင်သည့်နေရာတစ်ခုအဖြစ် ဖန်တီးတည်ဆောက်ရန်၊ နိုင်ငံတကာအဆင့်မီ သဘာဝအပန်းဖြေစခန်းတစ်ခုအဖြစ် တည်ဆောက်ရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုနှင့် ဒေသခံများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မြင့်မားစေရေးကို အထောက်အကူဖြစ်စေရန် စသည့်ရည်ရွယ်ချက်များဖြင့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ၂၀၂၃ ခုနှစ်တွင် အဆင့်မြှင့်တင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း၊ အပန်းဖြေစခန်းအတွင်း လာရောက်လည်ပတ်သူ ခရီးသွားပြည်သူများ စိတ်အပန်းပြေစေရန် ရည်ရွယ်၍ အဆင့်မြှင့်တင်ဆောင်ရွက်ထားပြီး 5D LED မှန်တံတား၊ အရှည် ၅၅၄ မီတာရှိ Sky Cable Car၊ Roller Coaster၊ Bumper Car၊ Tea Cups၊ Marry-Go-Round၊ Dinosaur Kingdom၊ တောတွင်းလျှောက်လမ်းများ၊ အပန်းဖြေနေရာများ၊ ကလေးကစားကွင်းများကို ထည့်သွင်းဆောင်ရွက်ထားရှိပြီး သဘာဝပတ်ဝန်းကျင် အလှအပများကို ကြည့်ရှုခံစားနိုင်ကာ ပြင်ဦးလွင်မြို့၏ landmark နေရာများမှ တစ်ခုအဖြစ် ပြည်တွင်းပြည်ပမှ ခရီးသွားများ၊ လာရောက်အပန်းဖြေသူများဖြင့် စည်ကားများပြားလျက်ရှိသည်။

**သုမင်္ဂလာဈေးနှင့်**
**အမျိုးသားကန်တော်ကြီးဥယျာဉ်**

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့်ဇနီး၊ အဖွဲ့ဝင်များသည် သုမင်္ဂလာဈေး(ညံတောဈေး) အဆင့်မြှင့်ဈေးသစ်သို့ ရောက်ရှိကြပြီး ဈေးဆိုင်ခန်းများအလိုက် ဖွင့်လှစ်ရောင်းချနေမှုများကို လိုက်လံကြည့်ရှုပြီး ဈေးကွက်ရရှိမှုနှင့် ဈေးရောင်းချရရှိမှုအခြေအနေများကို မေးမြန်းအားပေးစကားပြောကြားကာ တာဝန်ရှိသူများအား လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီးဥယျာဉ်သို့ရောက်ရှိကြပြီး ဥယျာဉ်အတွင်း သန့်ရှင်းသာယာလှပရေး၊ စိမ်းလန်းစိုပြည်ရေးထိန်းသိမ်းဆောင်ရွက်ထားရှိမှု၊ ကျေးငှက်တိရစ္ဆာန်များအား စနစ်တကျ မွေးမြူပြသထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ကန်တော်ကြီးအတွင်းရှိ ငါးများနှင့် ဘဲငန်းများကို အစာကျွေးသည်။

ယင်းနောက် ဥယျာဉ်ရှင်းလင်းဆောင်ခန်းမတွင် နိုင်ငံတော်သမ္မတအား ဥယျာဉ်မှ တာဝန်ရှိသူများက အမျိုးသားကန်တော်ကြီးဥယျာဉ်ဆိုင်ရာ အချက်အလက်များ၊ နိုင်ငံတော်အကြီးအကဲ ရောက်ရှိစစ်ဆေးစဉ် လမ်းညွှန်မှာကြားချက်များအား အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှု၊ ဥယျာဉ်အတွင်း ရေအရင်းအမြစ်ထိန်းသိမ်းထားရှိမှု၊ ဥယျာဉ်သန့်ရှင်းသာယာလှပရေးအတွက် ဥယျာဉ်ဝန်ထမ်းများဖြင့် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိမှု၊ ပန်းပွဲတော်များအား နှစ်အလိုက်ကျင်းပပြုလုပ်လျက်ရှိမှုနှင့် အခြားလူထုစုပေါင်းလှုပ်ရှားမှုများအား အခါအားလျော်စွာ ဆောင်ရွက်ပေးလျက်ရှိမှုတို့နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက အမျိုးသားကန်တော်ကြီးဥယျာဉ်သည် ပြင်ဦးလွင်မြို့၏ အထင်ကရ landmark နေရာတစ်ခုဖြစ်သဖြင့် ကန်များ၌ ရေများအမြဲပြည့်နေပြီး သစ်ပင်ပန်းမန် အလှအပများဖြင့် အစဉ်လှပနေစေရေး ထိန်းသိမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ ဥယျာဉ်အတွင်း မျက်စိပသာဒဖြစ်စေရေးအတွက် သစ်ပင်များအား အောက်ခြေရှင်းခြင်း၊ အလင်းဖွင့်ခြင်းများကို ဆောင်ရွက်သွားရန်နှင့် သဘာဝအတိုင်းနှစ်လိုချမ်းမြေ့ဖွယ် မြင်ကွင်းရရှိစေရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ ပြင်ဦးလွင်ဒေသတွင် ဆယ့်နှစ်လရာသီပတ်လုံး ဖူးပွင့်နိုင်ပြီး ရနံ့စုံသည့် ပန်းမျိုးစုံရှိသည့်အတွက် ဒေသသို့လာရောက်ကြသည့် ခရီးသွားအပန်းဖြေသူဧည့်သည်များ မည်သည့်အချိန်တွင် လာရောက်သည်ဖြစ်စေ စိတ်ချမ်းသာမှုရှိစေရေး ပန်းများ အမြဲမပြတ်ဖူးပွင့်လှပနေအောင် စီမံဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပန်းတို့၏ သဘောသည် လူကိုလန်းဆန်းစေပြီး လူတိုင်းနှစ်သက်ကြကြောင်း၊ ပန်းအလှအပများ၊ ကန်ရေပြင်၊ အေးမြလတ်ဆတ်သည့် ရေထု၊ လေထုတို့ဖြင့် မြို့ကိုလာရောက်သူများ စိတ်အေးချမ်းမှုရရှိစေရန် ပေးစွမ်းနိုင်ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကန်တော်ကြီးဥယျာဉ် အမြဲစိမ်းလန်းစိုပြည်စေရေး၊ ရေကန်များ ရေဝင်ရေထွက်ကောင်းမွန်စေရေး တာဝန်ရှိသူတို့က ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန်လိုကြောင်း။

*စာမျက်နှာ ၄ သို့*





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် သုမင်္ဂလာဈေး(ညံတောဈေး) အဆင့်မြှင့်ဈေးသစ်၌ ဖွင့်လှစ်ရောင်းချလျက်ရှိသည့် ဈေးဆိုင်ခန်းများအား ကြည့်ရှုပြီး ဈေးရောင်း ဈေးဝယ်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

- **ပြင်ဦးလွင်ဒေသတွင် ဆယ့်နှစ်လရာသီပတ်လုံး ဖူးပွင့်နိုင်ပြီး ရနံ့စုံသည့် ပန်းမျိုးစုံရှိသည့်အတွက် ဒေသသို့လာရောက်ကြသည့် ခရီးသွားအပန်းဖြေသူ ဧည့်သည်များ မည်သည့်အချိန်တွင် လာရောက်သည်ဖြစ်စေ စိတ်ချမ်းသာမှုရှိစေရေး ပန်းများ အမြဲမပြတ် ဖူးပွင့်လှပနေအောင် စီမံဆောင်ရွက်**
- **ခရီးသွားများ ပိုမိုဆွဲဆောင်နိုင်ရေးနှင့် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်မှုနှင့် ညီညွတ်မျှတသည့် ရာသီဥတုဖော်ဆောင်နိုင်ရေး ဝါးစိုက်ခင်းများ တည်ထောင်ကာ ဝါးပင်များအကြား ဝါးပင်တန်းလျှောက်လမ်းတည်ဆောက်သွားရန်နှင့် ချယ်ရီပင်များကိုလည်း တိုးချဲ့စိုက်ပျိုး**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပွဲကောက်ရေတံခွန် အပန်းဖြေစခန်းရှိ 5D LED မှန်တံတားအား ဖြတ်သန်းကြည့်ရှုစဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ချယ်ရီရိပ်ဖောင်ဒေးရှင်းအတွက် အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။

**“ အနီးစခန်းလေဆိပ်ကို အဆင့်မြှင့်တင်ဆောင်ရွက်ခဲ့ခြင်းသည် ပြည်တွင်းခရီးစဉ်များအတွက် ရည်ရွယ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ခရီးသွားလုပ်ငန်း ပိုမိုဖွံ့ဖြိုးတိုးတက်စေရေး၊ ပြင်ဦးလွင်ဒေသမှထွက်ရှိသည့် သစ်သီးများနှင့် ပန်းမန်များအား အခြားဒေသများသို့ လွယ်ကူလျင်မြန်စွာဖြင့် သယ်ယူပို့ဆောင်နိုင်ရန်နှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုစေရန်ရည်ရွယ် ”**

*စာမျက်နှာ ၃ မှ*

ဒေသမျိုးရင်းပန်းများဖြစ်သည့် မေမြို့ပန်းနှင့် ဂန္ဓမာပန်းတို့ကို ပိုမိုတိုးတက်စိုက်ပျိုးနိုင်ရေး မျိုးစေ့ထုတ်လုပ်ဆောင်ရွက်သွားရန်နှင့် ပန်းများ၏အရောင်အဆင်း၊ ရနံ့များ ပိုမိုကောင်းမွန်စေရေး သုတေသနပြုစိုက်ပျိုးသွားရန်လိုကြောင်း၊ ဥယျာဉ်အတွင်း ပန်းများ မြိုင်မြိုင်ဆိုင်ဆိုင်ဖြင့် ဖူးပွင့်လှပနေစေရေး Master Plan စနစ်တကျရေးဆွဲ၍ Green House များဖြင့် စိုက်ပျိုးသွားရန်၊ တောတွင်းလျှောက်လမ်းအား အသစ်ပြန်လည်တည်ဆောက်သွားရန်၊ ခရီးသွားများကို ပိုမိုဆွဲဆောင်နိုင်ရေးနှင့် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်မှုနှင့် ညီညွတ်မျှတသည့် ရာသီဥတုကို ဖော်ဆောင်နိုင်ရေး ဝါးစိုက်ခင်းများ တည်ထောင်ကာ ဝါးပင်များအကြား ဝါးပင်တန်းလျှောက်လမ်း တည်ဆောက်သွားရန်၊ ချယ်ရီပင်များကိုလည်း တိုးချဲ့စိုက်ပျိုးသွားရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတက ချယ်ရီရိပ်ဖောင်ဒေးရှင်းအတွက် အလှူငွေများပေးအပ်လှူဒါန်းခြင်းအခမ်းအနားကို ကျင်းပရာ အလှူငွေများ မပေးအပ်မီ နိုင်ငံတော်သမ္မတက ချယ်ရီရိပ်ဖောင်ဒေးရှင်းကို စစ်တက္ကသိုလ်ကျောင်းဆင်းအရာရှိကြီးများ၊ သင်ကြားရေးတာဝန်ထမ်းဆောင်ခဲ့ကြသည့် ဆရာကြီး၊ ဆရာမကြီးများက ဦးဆောင်ဆောင်ရွက်နေခြင်းဖြစ်ပြီး ဆရာကြီး၊ ဆရာမကြီးတို့သည် မိဘနှင့် တစ်ဂိုဏ်းတည်းထားရမည့် ဒုတိယမိဘများပင်ဖြစ်ကြောင်း၊ မိမိတို့ကျောင်းဆင်းအရာရှိများအပေါ် လူကောင်းသူကောင်းများဖြစ်စေရေး၊ ခေါင်းဆောင်ကောင်းများဖြစ်လာစေရေး လေ့ကျင့်သင်ကြား မွေးထုတ်ပေးခဲ့ခြင်းပင်ဖြစ်ကြောင်း၊ သင်တန်းကာလအတွင်း Guardian စနစ်ဖြင့် ဆင့်ကဲကွပ်ကဲအုပ်ချုပ်ကြရပြီး အထက်အောက် စနစ်တကျ ညီညွတ်မျှတစွာ ညီရင်းအစ်ကိုသဖွယ် မိဘသဖွယ် စောင့်ရှောက်ပေးခဲ့ကြခြင်းဖြစ်ကြောင်း၊ အုပ်ချုပ်သူ Guardian များသာမက ဆရာ၊ ဆရာမများသည်လည်း သွန်သင်ဆုံးမမှုများ၊ စောင့်ရှောက်မှုများကို ဆောင်ရွက်ပေးခဲ့ကြကြောင်း၊ မိမိတို့အား မိမိကိုယ်ကို ထိန်းသိမ်းနေထိုင်တတ်စေရေး၊ ခေါင်းဆောင်ကောင်းများဖြစ်လာစေရေး သင်ကြားလေ့ကျင့်ပေးခဲ့သည့် ဆရာ၊ ဆရာမများ၊ အုပ်ချုပ်သူများအားလုံးကို မိမိတို့အနေဖြင့် အစဉ်အမြဲအမှတ်ရကျေးဇူးတင်ရှိနေမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် (ဗိုလ်ချုပ်မှူးကြီးအငြိမ်းစား)နှင့် အလှူရှင်များက ချယ်ရီရိပ်ဖောင်ဒေးရှင်းအတွက် အလှူငွေများကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူကြပြီး အမှတ်တရလက်ဆောင် ပြန်လည်ပေးအပ်သည်။

**အနီးစခန်းလေဆိပ်**

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် အနီးစခန်းလေဆိပ်သို့ရောက်ရှိကြပြီး လေဆိပ်အဆင့်မြှင့်တင်နေမှုအခြေအနေများအား ကြည့်ရှုစစ်ဆေးရာ နယ်မြေခံစစ်အင်ဂျင်နီယာတပ်မှ တာဝန်ရှိသူတစ်ဦးက လေယာဉ်ကွင်းဆိုင်ရာအချက်အလက်များ၊ နိုင်ငံတော်အကြီးအကဲရောက်ရှိစစ်ဆေးစဉ် လမ်းညွှန်မှာကြားချက်များအပေါ် လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ လေယာဉ်ကွင်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ လေယာဉ်ကွင်း အဆင့်မြှင့်တင်ရာတွင် အရည်အသွေးပြည့်မီမှုရှိစေရေးအတွက် အရည်အသွေးစစ်ဆေးထိန်းသိမ်းရေးအဖွဲ့ဖြင့် စနစ်တကျဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ လေဆိပ်အဆောက်အအုံသစ် တည်ဆောက်ပြီးစီးမှုအခြေအနေများ၊ လေယာဉ်ရပ်နားရန် နေရာသစ်တည်ဆောက်ခြင်းလုပ်ငန်းနှင့် လေဆိပ်အဝင်လမ်းနှင့်လေဆိပ်ဝန်းကျင် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ လေကြောင်းထိန်းမျှော်စင်အသစ် တည်ဆောက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက ယခုလေဆိပ်ကို အဆင့်မြှင့်တင်ဆောင်ရွက်ခဲ့ခြင်းသည် ပြည်တွင်းခရီးစဉ်များအတွက် ရည်ရွယ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ခရီးသွားလုပ်ငန်း ပိုမိုဖွံ့ဖြိုးတိုးတက်စေရေး၊ ပြင်ဦးလွင်ဒေသမှထွက်ရှိသည့် သစ်သီးများနှင့် ပန်းမန်များအား အခြားဒေသများသို့ လွယ်ကူလျင်မြန်စွာဖြင့် သယ်ယူပို့ဆောင်နိုင်ရန်နှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုစေရန်ရည်ရွယ်၍ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ လက်ရှိလေဆိပ်အသစ် တည်ဆောက်ထားမှုအခြေအနေအရ တစ်ရက်လျှင်ခရီးသွား ၁၀၀၀ ခန့် ဝင်ထွက်နိုင်အောင် ဆောင်ရွက်ထားခြင်းဖြစ်သဖြင့် လေဆိပ်အတွင်း ခရီးသွားပြည်သူများ နားနေရန်အတွက် ထိုင်ခုံနေရာချထားမှုများကို စနစ်တကျဆောင်ရွက်သွားရန်လိုကြောင်း၊ လေယာဉ်ပြေးလမ်းအား အဆင့်မြှင့်တင်ခြင်းဆောင်ရွက်ရာတွင်လည်း သတ်မှတ်ထားသည့် စံချိန်စံညွှန်းအတိုင်းဖြစ်စေရေး စနစ်တကျတွက်ချက်တည်ဆောက် အဆင့်မြှင့်တင်သွားရန်လိုကြောင်း၊ လေဆိပ်တွင် လေယာဉ်ဆင်းသက်မှုနှင့် ထွက်ခွာမှုများ အန္တရာယ်ကင်းရှင်းစေရေးအတွက် စနစ်တကျဆောင်ရွက်သွားရန်လိုကြောင်း၊ လေဆိပ်ပတ်ဝန်းကျင် စိမ်းလန်းသာယာမှုရှိစေရေးအတွက် သစ်ပင်များကို စိုက်ပျိုးသွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အနီးစခန်းလေဆိပ်၌ လေဆိပ်အဆင့်မြှင့်တင်နေမှုအခြေအနေများအား ကြည့်ရှုစစ်ဆေးစဉ်။

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ် မန္တလေးတိုင်းဒေသကြီးအတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး





**မန္တလေး မေ ၁၇**

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်သည် ယနေ့နံနက်ပိုင်းတွင် မိတ္ထီလာမြို့နယ် ကန်တောင်ကျေးရွာ ထမုန်ကန်ကျေးရွာနှင့် သပြေဝကျေးရွာများတွင် ဒေသခံပြည်သူများ သန့်ရှင်းသောသောက်သုံးရေ လုံလောက်စွာရရှိရေး ဆိုလာရေတင်စနစ်ဖြင့် စက်ရေတွင်းတူးဖော်ခြင်း၊ နွေရာသီကာလအတွင်း ရေသိုလှောင်နိုင်ရန် မြေသားရေကန်ပြုပြင်တူးဖော်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

**စနစ်တကျဆောင်ရွက်**

ထို့နောက် ဝမ်းတွင်းမြို့နယ် သိမ်တောင်တောရကျောင်းတိုက်အတွင်းရှိ သောက်သုံးရေကန် ကောလာနေမှုအတွက် သောက်သုံးရေအရည်အသွေးစစ်ဆေးပြီး မြေသားရေကန်၏ကြံ့ခိုင်မှုကို ထိခိုက်စေနိုင်သည့် မြေလွှာများ မပါရှိစေရန်နှင့် ရေစိမ့်ဝင်မှု မရှိစေရန် တူးဖော်ထားသော မြေသားမျက်နှာပြင်များကို စနစ်တကျဆောင်ရွက်ရန် မှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ယင်းနောက် ဝမ်းတွင်းမြို့နယ် ရွာရှည်ကျေးရွာရှိ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းနှင့် မြေသားရေကန် ပြုပြင်ခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးပြီး ကူမဲမြို့ ပြက္ခရွေတောင်တော် တက်လမ်းတွင် ဆောင်ရွက်ခဲ့သော ကွန်ကရစ်လမ်းကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး အလုပ်သမားများနှင့် အလုပ်သမားရေးရာ လုပ်ငန်းညှိနှိုင်းရေးကော်မတီဝင်များနှင့် တွေ့ဆုံ

**မန္တလေး မေ ၁၇**

အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးသည် ယမန်နေ့ နံနက်ပိုင်းတွင် နိုင်ငံတော်အစိုးရ၏ ရက်(၁၀၀) ကာလအတွင်း ရွေ့လျားဆေးကုသယာဉ်များ (Mobile Medical Unit)ဖြင့် အလုပ်ဌာနများအရောက် အာမခံအလုပ်သမားများကို ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခြင်းအစီအစဉ်ကို ကြည့်ရှုအားပေးသည်။

**အလုပ်သမားရေးရာများ ဆွေးနွေး**

ဦးစွာ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် စက်မှုဇုန်-၁ ရှိစီပိုင်တီချည်မျှင်စက်ရုံမှ အာမခံအလုပ်သမား ၇၀၆ ဦးနှင့် ဒုံးပျံဂျုံမှုန့်စက်ရုံမှ အာမခံအလုပ်သမား ၁၀၉ ဦးတို့ကို ကွင်းဆင်းဆေးကုသ ဆောင်ရွက်ပေးနေမှု အခြေအနေများကို ကြည့်ရှုအားပေးပြီး စက်ရုံအလုပ်သမားများ၊ အလုပ်သမားရေးရာ လုပ်ငန်းညှိနှိုင်းရေးကော်မတီ(WCC) အဖွဲ့ဝင်များနှင့်တွေ့ဆုံ၍ အလုပ်သမားရေးရာများ ဆွေးနွေးသည်။

ထို့နောက် အမရပူရမြို့နယ်ရှိ ကျော်ညီမြတ်ကုမ္ပဏီသို့ သွားရောက်၍ စက်ရုံလည်ပတ်မှုအခြေအနေများနှင့် မန္တလေးမြို့ရှိ အလုပ်သမားရေးရာ တိုင်းဒေသကြီးရုံးများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

**မြင့်မော်ထွန်း(ပြန်/ဆက်)**





# ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ ကုန်သွယ်မှုဆိုင်ရာ အသိပညာပေးသင်တန်းဖွင့်ပွဲတက်ရောက်

**နေပြည်တော် မေ ၁၇**

ကုန်သွယ်မှုဆိုင်ရာအသိပညာပေးသင်တန်း ၁/၂၀၂၆ ဖွင့်ပွဲကို ယနေ့ နံနက် ၁၀ နာရီတွင် မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း-MRCCI အစည်းအဝေးခန်းမ၌ ကျင်းပရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ တက်ရောက်၍ အမှာစကားပြောကြားသည်။

သင်တန်းဖွင့်ပွဲသို့ တိုင်းဒေသကြီး စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးသိန်းဌေး၊ စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ တာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

**အမှာစကားပြောကြား**

ယမန်နေ့ မွန်းလွဲပိုင်းကလည်း မန္တလေးတိုင်းဒေသကြီးရှိ စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဦးစီးမှူးရုံး၌ ဦးစီးဌာနများမှ ဝန်ထမ်းများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်၍ အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မူလတန်းပြဆရာ ဆရာမများအတွက် အင်္ဂလိပ်စာ အရည်အသွေးမြှင့်သင်တန်း ပို့ချနေမှုနှင့် ပညာရေးဒီဂရီကောလိပ်သင်တန်းများကို စစ်ဆေး

**ရန်ကုန် မေ ၁၇**

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်သည် မေ ၁၅ ရက်က ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း၌ တက္ကသိုလ်နှင့် ပညာရေးဒီဂရီကောလိပ်များရှိ အင်္ဂလိပ်စာဌာနများမှ ဆရာ ဆရာမများနှင့် ဝါရင့်အထက်တန်းပြ ဆရာ ဆရာမများက ပို့ချလျက်ရှိသော အခြေခံပညာ မူလတန်းပြ ဆရာ ဆရာမများအတွက် အင်္ဂလိပ်စာအရည်အသွေးမြှင့်သင်တန်းများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ရန်ကင်းပညာရေးဒီဂရီကောလိပ်သို့ သွားရောက်၍ ပညာရေးနှင့်သင်ပြနည်းပညာ ဒီပလိုမာသင်တန်း (Diploma in Education and Pedagogy – Dip EP) အပတ်စဉ်(၂)သင်တန်း ဖွင့်လှစ်သင်ကြားနေမှုများကို ကြည့်ရှုစစ်ဆေးပြီး ရန်ကင်းပညာရေးဒီဂရီကောလိပ် မြတ်ပညာခန်းမ၌ ပညာရေးဒီဂရီကောလိပ် ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ **သတင်းစဉ်**







# ပဲခူးတိုင်းဒေသကြီး၏ မွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်

**နေပြည်တော် မေ ၁၇**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲထွန်းဝင်းသည် ယမန်နေ့က မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ထုတ်ကုန် မြှင့်တင်နိုင်ရေးအတွက် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်ရှိ ဘဲ၊ ကြက်၊ ဝက်၊ နွား မွေးမြူရေး တောင်သူများနှင့် တွေ့ဆုံ၍ လက်ရှိမွေးမြူထုတ်လုပ်ရေးအခြေအနေ၊ လုပ်ငန်းအလိုက် အတွေ့အကြုံများ၊ မွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရေးအတွက် အရင်းအနှီးလိုအပ်ချက်နှင့် နည်းပညာလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေး ဆွေးနွေးသည်။

ထို့နောက် ရေတာရှည်မြို့နယ် မြောက်နန်ချွန်ကျေးရွာရှိ မွေးမြူရေးတောင်သူ ဦးဟန်မြင့်စော၏ ဥစားကြက်ကောင်ရေ ၁၂၀၀၀ မွေးမြူထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး ရေတာရှည်မြို့နယ် စည်ပင်ခန်းမ၌ ရေတာရှည်၊ ဆွာ၊ သာဂရ၊ မြို့လှမြို့နယ်များမှ ဘဲ၊ ကြက်၊ ဝက်၊ နွား မွေးမြူရေးတောင်သူများနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# သဘာဝဘေးလျော့ပါးရေးအတွက် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ဆောင်ရွက်ချက်များ

**မြန်မာနိုင်ငံသည် မုန်တိုင်းများဖြတ်ကျော်ဝင်ရောက်ခြင်း၊ လေပြင်းတိုက်ခတ်ခြင်း၊ မိုးသည်းထန်စွာရွာသွန်းခြင်း၊ ရေကြီးရေလျှံခြင်း၊ မြေပြိုခြင်းနှင့် မိုးခေါင်ခြင်းစသော သဘာဝဘေးအန္တရာယ်များကို မကြာခဏ ကြုံတွေ့ရသော နိုင်ငံတစ်နိုင်ငံ ဖြစ်ပါသည်။ ထိုသဘာဝဘေးအန္တရာယ်များကြောင့် လူမှုစီးပွားဘဝကို များစွာ ထိခိုက်မှုများ ဖြစ်စေသည်သာမက လူတို့၏ အသက်အိုးအိမ်စည်းစိမ်များစွာကို သေကျေပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်လေ့ရှိသဖြင့် သဘာဝဘေးလျော့ပါးရေး လုပ်ငန်းများမှာ လွန်စွာအရေးကြီးလှပါသည်။**

ဒေါက်တာမြင့်မြင့်အေး
(မိုး/ဇလ)

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သဘာဝဘေးအန္တရာယ်ကြောင့် ဖြစ်ပေါ်လာနိုင်သည့် ပျက်စီးဆုံးရှုံးမှုများကို လျော့ပါးစေရန် အဓိကကျသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိပြီး မိုးလေဝသနှင့်ဇလဗေဒဆိုင်ရာ သတင်းအချက်အလက်များအား လူမှုစီးပွားရေးနယ်ပယ်အသီးသီးတွင် သဘာဝဘေးအန္တရာယ်များ လျှော့ချရန်နှင့် ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ် လုံခြုံရေးတို့အတွက် အထောက်အကူပြုစေရန် ဆောင်ရွက်လျက်ရှိပါသည်။

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန အနေဖြင့် နေ့စဉ်မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်၊ နေ့စဉ်ပင်လယ်ပြင်ခရီးနှင့် လေကြောင်းမိုးလေဝသခန့်မှန်းချက်များ၊ ထူးခြားမိုးလေဝသအခြေအနေများ၊ မိုးလေဝသနှင့် ဇလဗေဒဆိုင်ရာ သဘာဝဘေးအန္တရာယ်များအတွက် ကြိုတင်သတိပေးချက်များကို အချိန်နှင့်တစ်ပြေးညီထုတ်ပြန်ခြင်း၊ ၁၀ ရက်ပတ်နှင့် လပတ်မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်များ၊ မိုးရာသီကာလ ယေဘုယျခန့်မှန်းချက်၊ မိုးဦး/ မိုးလယ်/ မိုးနှောင်းကာလခန့်မှန်းချက်၊ ဆောင်းရာသီကာလ ယေဘုယျခန့်မှန်းချက်၊ အယ်လ်နီညို/ လာနီညာ အခြေအနေသတင်း၊ မြေငလျင်သတင်းနှင့် ဆူနာမီသတင်းထုတ်ပြန်ပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

**တိကျမှန်ကန်သော ခန့်မှန်းချက်များကို ထုတ်ပြန်ပေးလျက်ရှိ**

မိမိတို့ဦးစီးဌာနက သဘာဝဘေးအန္တရာယ်ဆိုင်ရာ ခန့်မှန်းရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်မှ ပေးပို့လာသော အိမ်နီးချင်းနိုင်ငံများ၏ မြေပြင်မိုးလေဝသအချက်အလက်များနှင့် အထက်လေကြောင်းတိုင်းထွာချက်များ၊ မြန်မာနိုင်ငံအတွင်း မိုးလေဝသတိုင်းတာရေးစခန်းများနှင့် အလိုအလျောက် မိုးလေဝသတိုင်းတာရေးစခန်းမှ အချိန်နှင့်တစ်ပြေးညီ တိုင်းထွာရရှိသည့် တိကျသောမြေပြင် မိုးလေဝသအချက်အလက်များ၊ အထက်လေကြောင်း တိုင်းထွာချက်များ၊ ဂြိုဟ်တုတိမ်ပုံများ၊ ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်မှ အသိအမှတ်ပြုထားသောဒေသတွင်း မိုးလေဝသအထူးပြုစင်တာကြီးများမှ ခန့်မှန်းချက်များကို အသုံးပြု၍ လေ့လာဆန်းစစ်မှုများ ဆောင်ရွက်သကဲ့သို့ ကမ္ဘာလုံးဆိုင်ရာ မိုးလေဝသအချက်အလက်များကို အသုံးပြုထားသော သင်္ချာပုံစံပြုမော်ဒယ်များဖြစ်သည့် အင်္ဂလန်နိုင်ငံရှိ European Centre for Medium-Range Weather Forecasts (ECMWF) မော်ဒယ်၊ အမေရိကန်နိုင်ငံရှိ National Hurricane Center မှ Global Forecasting Model (GFS) များနှင့် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ဌာနပိုင် Weather Research and Forecasting (WRF) မော်ဒယ်များဖြင့် တွက်ထုတ်ရရှိလာသော မုန်တိုင်းလမ်းကြောင်း အသီးသီးတို့ကိုအသုံးပြု၍ မြန်မာ့ကမ်းရိုးတန်းဒေသအပါအဝင် တစ်နိုင်ငံလုံး ဖြန့်ကြက်တည်ထောင်ထားသော မိုးလေဝသတိုင်းတာရေးစခန်းများမှ တိုင်းတာရရှိသော ခိုင်မာသော မှတ်တမ်းအချက်အလက်များအပေါ် အခြေခံ၍ တိကျမှန်ကန်သော ခန့်မှန်းချက်များကို ထုတ်ပြန်ပေးလျက်ရှိပါသည်။

ထို့အပြင် ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် ကျောက်ဖြူမြို့တို့၌ မုန်တိုင်းပြရေဒါများ တပ်ဆင်ထားရှိကာ မုန်တိုင်းခန့်မှန်းခြင်း၊ ဂြိုဟ်တုတိမ်ပုံဖမ်းစက်များဖြင့် တိမ်ပုံများဖမ်းယူရရှိပြီး ခေတ်မီနည်းစနစ်များဖြင့် လေ့လာဆန်းစစ်ခြင်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မိုးလေဝသတိုင်းထွာရေးစခန်းများမှလည်း တစ်နာရီလျှင် တစ်ကြိမ်နှုန်းဖြင့် မြေပြင်မိုးလေဝသအခြေအနေများအား တိုင်းတာ၍ နေပြည်တော် (ရုံးချုပ်)သို့ အချိန်နှင့် တစ်ပြေးညီ ပေးပို့ခြင်း၊ အိန္ဒိယနိုင်ငံရှိဒေသဆိုင်ရာ အထူးမိုးလေဝသ ခန့်မှန်းရေးဗဟိုဌာနမှလည်း ဖြစ်ပေါ်နေသော မုန်တိုင်းနှင့် ပတ်သက်သည့် ၎င်းတို့ ထုတ်ပြန်ထားသော ထူးခြားသည့်အခြေအနေနှင့် မုန်တိုင်းသတင်းများကို Gmail ဖြင့်လည်းကောင်း၊ Whats App ဖြင့်လည်းကောင်း ပေးပို့ခြင်းများကို အခြေခံ၍ တိကျမှန်ကန်သော ခန့်မှန်းချက်များကို ထုတ်ပြန်နိုင်ရန်အတွက် ရုံးချုပ်နေပြည်တော်၌ ဘက်စုံသဘာဝဘေးကြိုတင်သတိပေးဗဟိုဌာန တည်ထောင်ကာ ၂၄ နာရီအချိန်ပြည့် စောင့်ကြည့်၍ ခန့်မှန်းချက်၊ သတင်းနှင့် သတိပေးချက်များကို ထုတ်ပြန်ပေးလျက်ရှိပါသည်။

ထို့အပြင် သဘာဝဘေး လျော့ပါးစေရန်အတွက် မုန်တိုင်း၏အရှိန်ကြောင့် မိုးရွာသွန်းနိုင်မှု အခြေအနေ၊ မုန်တိုင်း၏ လက်ရှိလမ်းကြောင်းနှင့် ခန့်မှန်းချက်လမ်းကြောင်းကိုပါ ထည့်သွင်းဖော်ပြပေးကာ မုန်တိုင်းသတိပေးချက်၊ သတိပေးနှိုးဆော်ချက်များနှင့် အကြံပြုချက်များကို အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးလျက်ရှိပါသည်။ ထိုသို့ခန့်မှန်းရာတွင် သင်္ချာပုံစံပြုမော်ဒယ်များသည် လက်ရှိပတ်ဝန်းကျင်တွင် ဖြစ်ပေါ်နေသော ရာသီဥတု၊ မိုးလေဝသအခြေအနေကိုအခြေခံ၍ တွက်ချက်ထားပြီး လေထု၊ ရေထုအခြေအနေတို့သည် အချိန်နှင့်အမျှ ပြောင်းလဲနေသဖြင့် ခန့်မှန်းချက်များသည် ရက်ဝေးလွန်းပါက မသေချာ၊ မရေရာမှုများ ဖြစ်ပေါ်နိုင်ပါသည်။ ထို့ကြောင့် အသုံးပြုသော သင်္ချာပုံစံပြုမော်ဒယ်၊ တိုင်းထွာသည့်အချိန်၊ အသုံးပြုသည့် မှတ်တမ်းအချက်အလက်များအပေါ်မူတည်ပြီး အချိန်နှင့်အလိုက် မုန်တိုင်းလမ်းကြောင်း အမျိုးမျိုးပြောင်းလဲနိုင်ကြောင်းကိုလည်း သိရှိထားရန် လိုအပ်ပါသည်။

ယခုအချိန်ကာလသည် သတင်းအချက်အလက်နည်းပညာများ ဖွံ့ဖြိုးတိုးတက်လာသည့် ကာလဖြစ်သည့်အတွက် မုန်တိုင်းကာလများတွင် မိုးလေဝသနှင့်ဇလဗေဒဆိုင်ရာ အချက်အလက်များ၊ ခန့်မှန်းချက်များအား ဆိုရှယ်မီဒီယာ၊ ဝက်ဘ်ပေ့ချ် (Web Page)များမှတစ်ဆင့် လွယ်ကူစွာရယူပြီး တိကျမှန်ကန်မှုမရှိသော ခန့်မှန်းချက်များကို ပြည်သူများထံသို့ လွယ်ကူစွာရေးသားဖော်ပြခြင်း၊ လွယ်ကူစွာဖျက်သိမ်းပစ်ခြင်းတို့ကို တွေ့ရှိနေရပါသည်။ ပြည်သူများ စိုးရိမ်ထိတ်လန့်စေမည့် ကောလာဟလသတင်းများ၊ နိုင်ငံတကာမှ မုန်တိုင်းနှင့် ပတ်သက်၍ စံသတ်မှတ်ထားသည့် အချက်အလက်များနှင့် ကိုက်ညီမှုမရှိဘဲ မှားယွင်းယူဆချက်များဖြင့် ရေးသားမှုများကိုလည်း တွေ့ရှိနေရပါသည်။ ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်မှ အသိအမှတ်ပြုထားခြင်းမရှိသော လွတ်လပ်စွာ ဝင်ရောက်ကြည့်ရှုနိုင်သည့် ဆိုရှယ်မီဒီယာ၊ ဝက်ဘ်ပေ့ချ် (Web Page)များမှ အချက်အလက်များဖြင့်သာ အလွတ်သဘော ရေးသားဖော်ပြနေခြင်းမှာ ပြည်သူလူထုအတွက် "ဆေးမဖြစ်စေဘဲ ဘေးဖြစ်စေနိုင်" သည်ကိုလည်း ပြည်သူများအနေဖြင့် အထူးသတိပြုရန် လိုအပ်မည်ဖြစ်ပါသည်။

**"ပြည်သူလူထုအနေဖြင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်သတိပေးချက်များကို နိုင်ငံ၏ တရားဝင်ထုတ်ပြန်ခွင့်ရှိသော မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်ချက်များ၊ ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်မှ အသိအမှတ်ပြုထားသော မိုးလေဝသ အထူးပြုဝက်ဘ်ဆိုက်များမှ ခန့်မှန်းချက်များကိုသာ ယုံကြည်စွာ စောင့်ကြည့်သင့်ပါသည်။ ထို့အပြင် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ လမ်းညွှန်မှုနှင့်အညီ သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအလိုက်ဖွဲ့စည်းထားသည့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့များ၏ ကြီးကြပ်လမ်းညွှန်မှုများကို လိုက်နာဆောင်ရွက်ခြင်းဖြင့် သဘာဝဘေးအန္တရာယ်အသွယ်သွယ်မှ ဘေးကင်းနိုင်စေရေး အထူးသတိပြုဂရုစိုက် ဆောင်ရွက်ရန်လိုအပ်ပါသည်။ သို့မှသာ တရားမဝင်ကောလာဟလများကို ရှောင်ရှားနိုင်မည်"**

ခိုင်မာမှန်ကန်သေချာသော ခန့်မှန်းချက်များ ဖြစ်ပါက ပြည်သူလူထုအတွက် အကျိုးရှိထိရောက်မည်ဖြစ်သော်လည်း မှန်ကန်သေချာမှုမရှိသော ခန့်မှန်းချက်များ ပြည်သူလူထုထံ ရောက်ရှိသွားမည်ဆိုပါက မလိုလားအပ်သော စိုးရိမ်ထိတ်လန့်မှုများ ဖြစ်ပေါ်ကာ အစားအသောက်၊ ဆေးဝါးနှင့် လူ့အသုံးအဆောင်ပစ္စည်းများကို စိုးရိမ်စိတ်ဖြင့် ကြိုတင်ဝယ်ယူစုဆောင်းကြသည့်အတွက် နောက်ဆက်တွဲအနေဖြင့် မလိုလားအပ်သော ကုန်ဈေးနှုန်းကြီးမြင့်မှုများဖြစ်ပေါ်လာနိုင်ပြီး ငွေကုန်ကျမှုများစွာ ဖြစ်ပေါ်လာနိုင်ပါသည်။

ထို့ကြောင့် ပြည်သူလူထုအနေဖြင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ထုတ်ပြန်ချက်၊ သတိပေးချက်များနှင့်ဆက်စပ်၍ ဆိုရှယ်မီဒီယာများမှ အလွတ်သဘောထုတ်ပြန်ချက်များကို အပြည့်အဝယုံကြည်မှုမပြုကြဘဲ နိုင်ငံ၏တရားဝင်ထုတ်ပြန်ခွင့်ရှိသော မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်ချက်များကိုသာ ယုံကြည်စွာ စောင့်ကြည့်သင့်ပါသည်။ ထို့အပြင် ပြည်သူများအနေဖြင့် တိကျမှန်ကန်သေချာစွာ ထုတ်ပြန်ပေးနေသည့် နိုင်ငံတော်မှ တရားဝင်ထုတ်ပြန်ချက်များကို စောင့်ကြည့်ရယူပြီး လိုက်နာဆောင်ရွက်သင့်ပါသည်။ သို့မှသာ တရားမဝင် ကောလာဟလများကို ရှောင်ရှားနိုင်ပြီး မလိုလားအပ်သော စိုးရိမ်ထိတ်လန့်မှုများကို ရှောင်ရှားနိုင်မည်ဖြစ်ပါသည်။

**ပြည်သူလူထုထံ အချိန်မီရောက်ရှိရန် ဆောင်ရွက်လျက်ရှိ**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ပို့ဆောင်ရေးဝန်ကြီးဌာန၏ ကြီးကြပ်လမ်းညွှန်မှုကို ခံယူလျက် မြန်မာနိုင်ငံတွင် ဖြစ်ပွားလေ့ရှိသော သဘာဝဘေးအမျိုးမျိုးတို့အတွက် ကြိုတင်သတိပေးချက်များ၊ ခန့်မှန်းချက်/အခြေအနေသတင်းများကို အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးလျက်ရှိပါသည်။ ထို့အပြင် သက်ဆိုင်ရာလုပ်ငန်း/ဌာနများ၊ ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများသို့ အချိန်နှင့်တစ်ပြေးညီ အစီရင်ခံတင်ပြခြင်း၊ ပြည်သူလူထုကို အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်စေရန် ဌာန၏ တရားဝင်ဝက်ဘ်ဆိုက်နှင့်ဖေ့စ်ဘွတ်များမှ ထုတ်လွှင့်ခြင်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ မြဝတီရုပ်မြင်သံကြား၊ MRTV-4 ၊ ရေဒီယို၊ ကြေးမုံသတင်းစာ၊ မြန်မာ့အလင်းသတင်းစာ၊ မြဝတီသတင်းစာ၊ The Global New Light of Myanmar တို့မှတစ်ဆင့် ပြည်သူလူထုထံသို့ အချိန်မီရောက်ရှိစေရန် ဆောင်ရွက်လျက်ရှိပါသည်။

ထို့အတူ သတိပေးချက်/ ခန့်မှန်းချက်များကို အလိုအလျောက် ဖြေကြားသည့်စနစ်နှင့် လက်ကိုင်ဖုန်းများသို့ သတင်းတိုပေးပို့ခြင်းစနစ် (Short Message Service - SMS) တို့ဖြင့် ပေးပို့ခြင်းများကိုလည်း အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိပါသည်။

ထို့ကြောင့် ပြည်သူလူထုအနေဖြင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်သတိပေးချက်များကို နိုင်ငံ၏ တရားဝင်ထုတ်ပြန်ခွင့်ရှိသော မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်ချက်များ၊ ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်မှ အသိအမှတ်ပြုထားသော မိုးလေဝသအထူးပြု ဝက်ဘ်ဆိုက်များမှ ခန့်မှန်းချက်များကိုသာ ယုံကြည်စွာ စောင့်ကြည့်သင့်ပါသည်။ ထို့အပြင် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ လမ်းညွှန်မှုနှင့်အညီ သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအလိုက်ဖွဲ့စည်းထားသည့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့များ၏ ကြီးကြပ်လမ်းညွှန်မှုများကို လိုက်နာဆောင်ရွက်ခြင်းဖြင့် သဘာဝဘေးအန္တရာယ်အသွယ်သွယ်မှ ဘေးကင်းနိုင်စေရေး အထူးသတိပြုဂရုစိုက် ဆောင်ရွက်ရန် လိုအပ်ပါသည်။ သို့မှသာ တရားမဝင်ကောလာဟလများကို ရှောင်ရှားနိုင်မည်ဖြစ်ပါသည်။

သဘာဝဘေးအန္တရာယ်အမျိုးမျိုးကို တားဆီး၍ မရနိုင်သော်လည်း ကြိုတင်သတိပြုခြင်း၊ ခန့်မှန်းချက်၊ သတိပေးချက်နှင့် အကြံပြုချက်များကို လိုက်နာခြင်းနှင့် အချိန်မီတုံ့ပြန်ဆောင်ရွက်ခြင်းတို့သည် လူသားတို့၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်နိုင်ရန်အတွက် အဓိကကျသောအချက်များ ဖြစ်ပါသည်။

ထို့ကြောင့် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်လျက်ရှိသော သဘာဝဘေးအန္တရာယ် အမျိုးမျိုးအတွက် ခန့်မှန်းချက်များ၊ ကြိုတင်သတိပေးချက်များနှင့် အကြံပြုချက်များကို သိရှိနားလည်ကြပြီး ကြိုတင်သတိပြုစောင့်ကြည့်၍ ဘေးကင်းနိုင်စေဖို့ကို အထူးသတိပြု ဂရုစိုက်ကြရန်နှင့် မိမိတို့၏ လုပ်ငန်းကိစ္စရပ်များ ဆောင်ရွက်ကြရာတွင် ကြိုတင်သတိပြုဆင်ခြင်၍ ဆောင်ရွက်နိုင်ကြပါစေကြောင်း အကြံပြုတင်ပြအပ်ပါသည်။ ။



# မြန်မာနိုင်ငံ အထွေထွေအုပ်ချုပ်ရေးဝန်ထမ်းဟောင်းများအသင်း (၁၀)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲ ကျင်းပ

**ရန်ကုန် မေ ၁၇**

မြန်မာနိုင်ငံအထွေထွေအုပ်ချုပ်ရေး ဝန်ထမ်းဟောင်းများအသင်း (၁၀)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားခရိုင် ဒဂုံမြို့နယ် တိပိဋကနိကာယ ကျောင်းတိုက် ငွေရတုခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံအထွေထွေအုပ်ချုပ်ရေး ဝန်ထမ်းဟောင်းများအသင်းဥက္ကဋ္ဌ ဦးကျော်စန်းက သက်ကြီးပူဇော်ပွဲကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အလှူရှင်များက အလှူငွေများ၊ ဆန်၊ ဆီများနှင့် စာအုပ်စာတမ်းများကို ပေးအပ်လှူဒါန်းကာ ကန်တော့လက်ဆောင်ပစ္စည်းများကို ကန်တော့ခံသက်ကြီး ၃၂ ဦးအား ပေးအပ်လှူဒါန်းကြရာ ကန်တော့ခံသက်ကြီးများက ဆုပေးမေတ္တာစကားများ ပြောကြားခဲ့ကြောင်း သိရသည်။

ဖွဲ့ထက်ကို(ပြန်/ဆက်)

# တိုင်းဒေသကြီးနှင့် ပြည်နယ် အသက် (၁၈)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စု(က) ဘားအံဇုန်တွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့်အသင်းများအား ကြိုဆို

**ဘားအံ မေ ၁၇**

၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အသက်(၁၈)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စု(က)ဘားအံဇုန်ပွဲစဉ်တွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် တိုင်းဒေသကြီးနှင့် ပြည်နယ်ကိုယ်စားပြု ဘောလုံးအသင်းများအား ကြိုဆိုသည့် အခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီက ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် ပြည်နယ်ဝန်ကြီးများအား ပြိုင်ပွဲဝင် အားကစားအသင်းများက မိတ်ဆက်ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားကာ အားကစားအသင်းများအား အမှတ်တရလက်ဆောင်များ ပေးအပ်သည်။

အဆိုပါဘောလုံးပြိုင်ပွဲ အုပ်စု (က) ဘားအံဇုန် အုပ်စုပတ်လည် ပွဲစဉ်များကို ဇွဲကပင်အားကစားကွင်းကြီး၌ မေ ၁၉ ရက်မှ ၂၆ ရက်အထိ ကရင်ပြည်နယ်အသင်း၊ ရခိုင်ပြည်နယ်အသင်း၊ ရန်ကုန်တိုင်းဒေသကြီး အသင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအသင်းတို့ ပါဝင်ယှဉ်ပြိုင် ကစားကြမည် ဖြစ်သည်။

တိုင်းဒေသကြီးနှင့် ပြည်နယ် အသက် (၁၈)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စု(က) ဘားအံဇုန်၏ အဖွင့်ပွဲစဉ်အဖြစ် မေ ၁၉ ရက် ညနေ ၃ နာရီခွဲတွင် ကရင်ပြည်နယ်အသင်းနှင့် ရခိုင်ပြည်နယ်အသင်း၊ မေ ၂၀ ရက်တွင် ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအသင်း၊ မေ ၂၂ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီးအသင်းနှင့် ကရင်ပြည်နယ်အသင်း၊ မေ ၂၃ ရက်တွင် ရခိုင်ပြည်နယ်အသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်း၊ မေ ၂၅ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး



အသင်းနှင့် ရခိုင်ပြည်နယ်အသင်း၊ မေ ၂၆ ရက်တွင် ကရင်ပြည်နယ် အသင်းနှင့် ရန်ကုန်တိုင်းဒေသကြီး အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး မည်သူမဆို အခမဲ့ လာရောက်ကြည့်ရှု အားပေးနိုင်ကြောင်းနှင့် အုပ်စုပွဲစဉ်အပြီး ရှုံးထွက်ပွဲစဉ်များကို ရန်ကုန်မြို့ရှိ အားကစားကွင်းများတွင် ဆက်လက်ကျင်းပမည် ဖြစ်ကြောင်း သိရသည်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)



# ကယားပြည်နယ်ဝန်ကြီးချုပ် လွိုင်ကော်မြို့ရှိ ဒေသခံပြည်သူများနှင့် တွေ့ဆုံ

**လွိုင်ကော် မေ ၁၇**

ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအုံ့မော်သည် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန်နှင့် ပြည်သူများ၏ လိုအပ်ချက်များဖြည့်ဆည်းပေးနိုင်ရန် ယနေ့နံနက်ပိုင်းက လွိုင်ကော်မြို့ အခြေခံပညာအထက်တန်းကျောင်းခွဲ နမ့်ကွတ်ကျောင်းခန်းမ၌ ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

ထို့နောက် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများ၊ လွှတ်တော်သုံးရပ်မှ ကိုယ်စားလှယ်များက ဒေသဖွံ့ဖြိုးရေးဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးပြောကြားပြီး ဒေသခံပြည်သူများ၏ ဒေသဖွံ့ဖြိုးရေးဆိုင်ရာ တင်ပြချက်များအပေါ် ပြည်နယ်ဝန်ကြီးချုပ်က ဆောင်ရွက်ပေးနိုင်မည့်အခြေအနေကို ပြန်လည်ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဒေါ်နီးကူးရပ်ကွက် အမှတ်(၇) အခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ ရပ်ကွက်နေ ပြည်သူများနှင့် တွေ့ဆုံအမှာစကားပြောကြားပြီး ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက လွှတ်တော်လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြား၍ ရပ်ကွက်နေပြည်သူများ၏ ရပ်ရွာ ဖွံ့ဖြိုးရေးဆိုင်ရာ တင်ပြမှုများအပေါ် ပြည်နယ်ဝန်ကြီးချုပ်က သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)



# ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ စက်ရုံအလုပ်ရုံများ ပိုမိုဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးမှာကြား

**ပုသိမ် မေ ၁၇**

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအေးကျော်သည် ယနေ့နံနက်ပိုင်းက မအူပင်ခရိုင် ပန်းတနော်မြို့နယ် ဘုရားချောင်းကျေးရွာအုပ်စုရှိ Global Earth Agro & Aqua Industry Public Co., Ltd လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးသည်။

ဦးစွာ ငါးများစမ်းသပ်မွေးမြူနေမှု၊ စပါးခွံလောင်စာသုံး gasifier နှင့် gas engine စနစ် လျှပ်စစ်ဓာတ်အားပေးစက်ရုံတွင် စပါးခွံလောင်စာအသုံးပြု၍ လျှပ်စစ်ဓာတ်အား စမ်းသပ်ထုတ်လုပ်နေမှု၊ တပ်ဆင်ရေးလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး တိုင်းဒေသကြီးအတွင်းရှိ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ စက်ရုံအလုပ်ရုံများ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးမှာကြားပြီး တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက ဖြည့်စွက် ဆွေးနွေးပြောကြားကာ ခင်းကျင်းပြသထားသည့် ငါးအခြေခံစားသောက်ကုန်များကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# ရွှေပြည်သာမြို့နယ်၌ တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှုသင်တန်းဖွင့်



**ရန်ကုန် မေ ၁၇**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးမှ တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာသင်တန်း ဖွင့်ပွဲအခမ်းအနားကို မေ ၁၄ ရက် နံနက်က ပျိုမေ့အိမ်ရာတွင်ပြုလုပ်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်က အမှာစကားပြောကြားပြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန တိုင်းဦးစီးမှူးက သက်မွေးဝမ်းကျောင်းသင်တန်း ဖွင့်လှစ်နေမှုနှင့် လုပ်ငန်းမှတ်ပုံတင်ဆောင်ရွက်ပေးနေမှုများကို ရှင်းလင်းပြောကြားပြီး သင်ထောက်ကူပစ္စည်းများ ပေးအပ်သည်။

ယခုဖွင့်လှစ်သော တန်ဖိုးမြှင့်စားသောက်ကုန် ထုတ်လုပ်မှုနည်းပညာ သင်တန်းတွင် သင်တန်းသား သင်တန်းသူ ၁၅ ဦးအား ကိုယ်ပိုင်လုပ်ငန်းထူထောင်နိုင်သည်အထိ မေ ၁၄ ရက်မှ ၂၀ ရက်အထိ အခြေခံသင်တန်းကို ဖွင့်လှစ်မည်ဖြစ်ပြီး မေ ၂၆ ရက်မှ ဇွန် ၁ ရက်အထိ မွမ်းမံသင်တန်းကို သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သက်လွင်စိုး (ပြန်/ဆက်)

ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင် စွမ်းအင်လည်းရ ပြည်လည်းလှ

✪ *ကျောဖုံးမှ*

အွန်လိုင်းလိမ်လည် လောင်းကစားမှုများ ဆောင်ရွက်ခြင်း မရှိစေရန်အတွက် နယ်မြေရှင်းလင်းခြင်းနှင့် ရှာဖွေဖော်ထုတ်စစ်ဆေးခြင်း လုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ ယနေ့ ညနေ ၄နာရီ ၁၅မိနစ်ခန့်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ စွမ်စော်ရပ်ကွက်ရှိ နေအိမ် တစ်လုံးအတွင်းမှ အွန်လိုင်းလိမ်လည် လောင်းကစားမှု ကျူးလွန်သူ တရုတ်နိုင်ငံသား အမျိုးသား လေးဦးနှင့် မြန်မာနိုင်ငံသား အမျိုးသား ၂၅ ဦး၊ အမျိုးသမီး ကိုးဦး စုစုပေါင်း ၃၈ ဦးတို့အား ဖုန်းမျိုးစုံ ၁၅၅ လုံး၊ All In One ကွန်ပျူတာအလုံး၃၀၊ တရုတ်ငွေယွမ် ၁၀၀၀၀၊ မြန်မာငွေကျပ် ၁၀ သိန်းနှင့် Crown အမျိုးအစား မော်တော်ယာဉ် နှစ်စီးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

**ထပ်မံဖမ်းဆီးရမိ**

ဆက်လက်၍ လုံခြုံရေး ပူးပေါင်းအဖွဲ့များသည် နယ်မြေရှင်းလင်းခြင်းနှင့် ရှာဖွေဖော်ထုတ်စစ်ဆေးခြင်းလုပ်ငန်းများအား ဆက်လက်ဆောင်ရွက်ခဲ့ရာ ညနေ ၅ နာရီခန့်တွင် အဆိုပါရပ်ကွက်အတွင်းရှိ နေအိမ်တစ်လုံးမှ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သူ မြန်မာနိုင်ငံသား အမျိုးသား လေးဦးအား ဖုန်းမျိုးစုံ ၉၅ လုံး၊ Laptop တစ်လုံး၊ Wifi စက် နှစ်လုံးတို့နှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သည်။

**ထိရောက်စွာအရေးယူ**

အဆိုပါ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ လုပ်ကိုင်လျက်ရှိသည့် ဖမ်းဆီးရမိသူများအား လိုအပ်သည့် စစ်ဆေးမှုများ ဆောင်ရွက်ပြီးစီးပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပြီး သိမ်းဆည်းရမိသည့် လုပ်ငန်းသုံးပစ္စည်းများအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော် အနေဖြင့် အွန်လိုင်းလိမ်လည် လောင်းကစားမှုကျူးလွန်ခြင်းများ ပပျောက်စေရေးနှင့် မြန်မာနိုင်ငံအတွင်း အခြေချလုပ်ကိုင်နိုင်မှု မရှိစေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အွန်လိုင်း လိမ်လည်လောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို တက်ကြွစွာဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့ စွမ်စော်ရပ်ကွက်အတွင်း အွန်လိုင်းလိမ်လည် လောင်းကစား လုပ်ကိုင်နေကြသူများအား လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ သိမ်းဆည်းရမိနေရာပြပုံကို တွေ့ရစဉ်။






ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ စွမ်စော်ရပ်ကွက်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် အဆောက်အအုံများကို တွေ့ရစဉ်။



ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ စွမ်စော်ရပ်ကွက်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်သူများအား လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ တွေ့ရစဉ်။



ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ စွမ်စော်ရပ်ကွက်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်သူ တရုတ်နိုင်ငံသား အမျိုးသား လေးဦးအား တွေ့ရစဉ်။



ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ စွမ်စော်ရပ်ကွက်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်သူ မြန်မာနိုင်ငံသား အမျိုးသား ၂၅ဦး၊ အမျိုးသမီး ကိုးဦးအား တွေ့ရစဉ်။

---

◆ *ကျောဖုံးမှ*

ဗီယက်နမ်အသင်းမှ အားကစားသမားတို့ကလည်းကောင်း၊ Men's Athletic Physique Over 167 cm ပြိုင်ပွဲတွင် ပထမဆုကို ထိုင်းအသင်းမှ အားကစားသမား၊ ဒုတိယဆုနှင့်တတိယဆုကို မလေးရှားအသင်းမှ အားကစားသမားတို့ကလည်းကောင်း၊ Women's Athletic Physique Up to 160 cm ပြိုင်ပွဲတွင် ပထမဆုကို ဗီယက်နမ်အသင်းမှ အားကစားသမား၊ ဒုတိယဆုကို မြန်မာအသင်းမှ မိုးသက်ခိုင်နှင့် တတိယဆုကို ဗီယက်နမ်အသင်းမှ အားကစားသမားတို့ကလည်းကောင်း၊ Women's Athletic Physique Over 160cm ပြိုင်ပွဲတွင် ပထမဆုနှင့် ဒုတိယဆုကို ဗီယက်နမ်အသင်းမှ အားကစားသမားနှင့် တတိယဆုကို မလေးရှားအသင်းမှ အားကစားသမားတို့ကလည်းကောင်း ရရှိကြသည်။

Women's Model Physique Up to 160cm ပြိုင်ပွဲတွင် ပထမဆုကို မြန်မာအသင်းမှ မီမီကျော်နိုင်၊ ဒုတိယဆုကို ဗီယက်နမ်အသင်းမှ အားကစားသမားနှင့် တတိယဆုကို ထိုင်းအသင်းမှ အားကစားသမားတို့ကလည်းကောင်း၊ Women's Model Physique Up to 165cm ပြိုင်ပွဲတွင် ပထမဆုကို ထိုင်းအသင်းမှ အားကစားသမား၊ ဒုတိယဆုကို ဗီယက်နမ်အသင်းမှ အားကစားသမားနှင့် တတိယဆုကို မြန်မာအသင်းမှ ထူးမြတ်ဝေတို့ကလည်းကောင်း၊ Women's Model Physique Over 165cm ပြိုင်ပွဲတွင် ပထမဆုကို ဗီယက်နမ်အသင်းမှ အားကစားသမား၊ ဒုတိယဆုကို ထိုင်းအသင်းမှ အားကစားသမားနှင့် တတိယဆုကို မြန်မာအသင်းမှ ဝင်းသော်တာအောင်တို့ကလည်းကောင်း ရရှိကြသည်။

Mixed Paits ပြိုင်ပွဲတွင် ပထမဆုကို ဗီယက်နမ်အသင်း၊ ဒုတိယဆုကို ဗီယက်နမ်အသင်းနှင့် တတိယဆုကို မြန်မာအသင်းမှ ဝေလင်းကျော်နှင့် လဲ့ရည်ထွန်းတို့ကလည်းကောင်း ၊ Men's Team Championship ပြိုင်ပွဲတွင် အမျိုးသားအသင်းလိုက် တံခွန်စိုက်ဆုကို ပထမ မြန်မာနိုင်ငံ၊ ဒုတိယ ဗီယက်နမ်နိုင်ငံနှင့် တတိယ ထိုင်းနိုင်ငံတို့ကလည်းကောင်း၊ Women's Team Championship ပြိုင်ပွဲ အမျိုးသမီးအသင်းလိုက်တံခွန်စိုက်ဆုကို ပထမ ဗီယက်နမ်နိုင်ငံ၊ ဒုတိယ မြန်မာနိုင်ငံနှင့် တတိယ ထိုင်းနိုင်ငံကလည်းကောင်း၊ Overall Championship Mr. South East Asian 2026 ကာယဗလမောင်ဆုကို မြန်မာနိုင်ငံမှချမ်းမြေ့ထွန်းကလည်းကောင်း ဆွတ်ခူးရရှိခဲ့ကြသည်။

အဆိုပါ ပြိုင်ပွဲများသို့ အားကစားရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညီညီ၊ ကမ္ဘာ့ကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ အရှေ့တောင်အာရှကာယဗလနှင့်ကာယကြံ့ခိုင်မှု အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး၊ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင် ရှစ်နိုင်ငံမှ အုပ်ချုပ်သူ၊ နည်းပြများနှင့် အားကစားသမားများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ထို့နောက် ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ပြိုင်ပွဲများတွင် ဆုရရှိခဲ့ကြသူများအား အားကစားရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညီညီ၊ ကမ္ဘာ့ကာယဗလနှင့်ကာယကြံ့ခိုင်မှု အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ Datuk Paul Chua နှင့် အရှေ့တောင်အာရှ ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ Mr. Phumvarin Chunhawongvarit ၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးဗိုလ်ဌေး၊ မြန်မာနိုင်ငံကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားအဖွဲ့ချုပ်၊ ကမ္ဘာ့ကာယဗလနှင့်ကာယကြံ့ခိုင်မှု အားကစားအဖွဲ့ချုပ်နှင့် အရှေ့တောင်အာရှကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများက တစ်ဦးချင်းဆုတံဆိပ်များ၊ ဂုဏ်ပြုမှတ်တမ်းလွှာများနှင့် Trophy တို့အား ပေးအပ်ချီးမြှင့်ကြသည်။

အကြိမ် (၂၀)မြောက် အရှေ့တောင်အာရှ ကာယဗလနှင့်ကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲကို ၂၀၂၆ ခုနှစ် မေ ၁၄ ရက်မှ ၁၇ ရက်အထိ ကျင်းပပြုလုပ်ခဲ့ရာ ယနေ့ပြိုင်ပွဲများ အပြီးတွင် မြန်မာအသင်း အနေဖြင့် ရွှေတံဆိပ် ၁၀ ခု ၊ ငွေတံဆိပ် ခြောက်ခု၊ ကြေးတံဆိပ် ကိုးခု စုစုပေါင်း ဆုတံဆိပ် ၂၅ ခုတို့ကို ဆွတ်ခူးရရှိခဲ့ပြီး နိုင်ငံအလိုက် အဆင့် (၁) ကို ထိုက်တန်စွာ ဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

❏ *ကျောဖုံးမှ*

ကျန်ရှိနေသေးသည့်အတွက် အဆိုပါစံချိန်ကို ကျော်ဖြတ်ကာ စံချိန်မှတ်တမ်းသစ် ရေးထိုးသွားဖွယ်ရှိသည်။

မန်ယူအသင်းသည် ပွဲအစပိုင်းကတည်းက နော်တင်ဟမ်အသင်းကို ထိန်းချုပ်ကစားနိုင်ခဲ့ပြီး သွင်းဂိုးများ ရယူနိုင်ခဲ့သည်။ နော်တင်ဟမ်အသင်း၏ ထိုးဖောက်တိုက်စစ်ဆင်မှုများကလည်း မန်ယူအသင်း ခံစစ်နှင့် ဂိုးသမား လန်းမန်းစ်တို့ အခက်တွေ့စေခဲ့သည်။

မန်ယူအသင်းအတွက် သွင်းဂိုးများကို လုခ်ရှော၊ ကွန်ညာနှင့် အမ်ဘူမိုတို့က သွင်းယူပေးခဲ့သည်။ နော်တင်ဟမ်အသင်းအတွက် သွင်းဂိုးများကို မိုရာတိုနှင့် ဂစ်ဗိုက်တို့က သွင်းယူပေးခဲ့သည်။ **အောင်ဇော်**

---

## မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်းနှင့် မိုးသီးကြွေခြင်း ဖြစ်ပေါ်နိုင်

**နေပြည်တော် မေ ၁၇**

မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များရွေ့လျားရာ နေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအလွန်ကောင်းနေပြီး ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေကာ ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

**မိုး/ဇလ**

## လယ်ဝေးမြို့နယ်၌ လူထုကျန်းမာရေးလုပ်သားသင်တန်းဆင်းပွဲကျင်းပ



**လယ်ဝေး မေ ၁၇**

ပြည်ထောင်စုနယ်မြေ လယ်ဝေး မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီး ဌာနမှဖွင့်လှစ်သည့် လူထုကျန်းမာ ရေး လုပ်သားသင်တန်းဆင်းပွဲကို ယနေ့ နံနက် ၁၀နာရီက မြို့နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ နေပြည်တော်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာဆွေဇင်ဝင်း က အမှာစကားပြောကြားပြီး လယ်ဝေးမြို့ ခုတင်၁၀၀ဆေးရုံအုပ် ဒေါက်တာနန္ဒာကျော်က သင်တန်း ဖွင့်လှစ် သင်ကြားခဲ့မှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နေပြည်တော် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး နှင့် တာဝန်ရှိသူများက သင်တန်း သား သင်တန်းသူများအား သင်တန်းဆင်း လက်မှတ်များ ပေးအပ်သည်။ အဆိုပါ သင်တန်း ကို လယ်ဝေးမြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၁၉၈ ရွာမှ သင်တန်းသား သင်တန်းသူ ၁၉၈ ဦးဖြင့် မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာန၌ ဧပြီ ၂၇ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး သင်တန်း ကာလမှာ ရက်သတ္တနှစ်ပတ်ဖြစ် ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ပေါင်မြို့နယ် အထက(မင်းတန်း)ကျောင်း၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**ပေါင် မေ ၁၇**

မွန်ပြည်နယ် ပေါင်မြို့နယ်၌ ရက်(၁၀၀)စီမံချက်အရ ခြင်၊ ယင် အန္တရာယ် ကင်းရှင်းစေရေးနှင့် သန့်ရှင်းသာယာ လှပစေရေး အတွက် ပြည်နယ်အစိုးရ၏ ညွှန်ကြားမှုဖြင့် ဌာနဆိုင်ရာ ဝန်ထမ်းများ ပူးပေါင်းကာ စုပေါင်း သန့်ရှင်းရေး ဆောင်ရွက်ခြင်းကို ယနေ့နံနက် ၈ နာရီက အထက (မင်းတန်း)၌ ဆောင်ရွက်ကြသည်။



စုပေါင်းသန့်ရှင်းရေး ဆောင် ရွက်ရာတွင် မြို့နယ်စီမံခန့်ခွဲရေး နှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထင်လင်းအောင်၏ ဦးဆောင်မှု ဖြင့် ဌာနဆိုင်ရာများ၊ တပ်မတော် သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ် တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင် သာယာရေးအဖွဲ့မှ ဝန်ထမ်းများ၊ သစ်တောဦးစီးဌာနမှ ဝန်ထမ်း များ၊ လူမှုကူညီရေး ပရဟိတအဖွဲ့ များက ပတ်ဝန်းကျင်စိမ်းလန်း စိုပြည်ရေး၊ ရေစီးရေလာကောင်း မွန်စေရေးတို့အတွက် စုပေါင်း သန့်ရှင်းရေး လုပ်ငန်းများကို တပျော်တပါး ပူးပေါင်းဆောင်ရွက် ခဲ့ကြောင်း သိရသည်။

မွန်မလေး(ပြန်/ဆက်)

## ရေနံချောင်းမြို့နယ်၌ အခွန်ဆိုင်ရာအသိပညာပေး ရှင်းလင်း

**ရေနံချောင်း မေ ၁၇**

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်၌ အခွန်ထမ်းလုပ်ငန်းရှင် များအား အခွန်ဆိုင်ရာအသိပညာပေး ရှင်းလင်းပွဲအခမ်းအနားကို မေ ၁၄ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေး ခန်းမ၌ကျင်းပရာ မြို့နယ်အခွန်ကောက်ခံမှုအထောက်အကူပြုအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ဇင်ဦးက အမှာစကားပြောကြားပြီး မြို့နယ်အခွန်ဦးစီးမှူး က တည်ဆဲအခွန်ဆိုင်ရာ ဥပဒေများ၊ ပြဋ္ဌာန်းချက်များနှင့် စပ်လျဉ်း၍ အသိပညာပေး ရှင်းလင်းပြောကြားကာ တက်ရောက်လာသည့် အခွန်ထမ်း လုပ်ငန်းရှင်များက သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေး သည်။



အဆိုပါ အခမ်းအနားသို့ အခွန်ထမ်းလုပ်ငန်းရှင် ၁၀၀ တက်ရောက်ခဲ့ ကြောင်း သိရသည်။

စိုးကြီး(ပြန်/ဆက်)

## မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ပျက်စီးသွားသော ကျေးလက်လမ်း၊ တံတားများ ပြန်လည်တည်ဆောက်မှုကွင်းဆင်းစစ်ဆေး

**ပေါက်ခေါင်း မေ ၁၇**

ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်း မြို့နယ်အတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ပျက်စီးသွား သော ကျေးလက်လမ်း တံတား လုပ်ငန်းများ ပြန်လည်ပြုပြင် ဆောင်ရွက်နေမှုကို မေ ၁၄ ရက် က ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန(ရုံးချုပ်) မှ အင်ဂျင်နီယာ ချုပ် ဦးထွန်းဝေ ကွင်းဆင်းကြည့်ရှု



စစ်ဆေးရာတွင် ထန်းတပင် – ချဉ်းကပ်လမ်း ရေတိုက်စား၍ ဘွဲ့ပင်ကွင်းလမ်းပေါ်ရှိ တံတား ပျက်စီးသွား မှုကို ပြည်ထောင်စု (ပြင်ဆင်ထိန်းသိမ်းခြင်း) ရန်ပုံငွေ ဖြင့် ပေါက်ခေါင်းမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီး ဌာနမှ ဆောင်ရွက်လျက်ရှိရာ အချိန်မီ ပြီးစီးရေး၊ အရည်အသွေး ပြည့်မီရေးနှင့် ပြည်သူများ အဆင်ပြေချောမွေ့စွာ သွားလာ နိုင်ရေး မှာကြားခဲ့ကြောင်း သိရ သည်။

သက်ထက်

## ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ(ဆင့်ပွား)ဆွေးနွေး

**သံဖြူဇရပ် မေ ၁၇**

မွန်ပြည်နယ် သံဖြူဇရပ်မြို့၌ မြို့နယ်ပညာရေးဌာနမှ ရက်ပေါင်း (၁၀၀)



စီမံချက်ဖြင့် ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုး ရေးဆိုင်ရာ (ဆင့်ပွား)ဆွေးနွေးပွဲကို ယမန်နေ့ကစ၍ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း၌ပြုလုပ်ရာ မြို့နယ်စီမံခန့်ခွဲရေး နှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်မိုးလွင်က အမှာစကား ပြောကြားပြီး ဆွေးနွေးပွဲကို ကျင်းပရာ မြို့နယ်အတွင်းရှိ အခြေခံပညာ ကျောင်းများမှ ကျောင်းအုပ်များနှင့် ဆရာ ဆရာမ စုစုပေါင်း ၂၄၅ ဦး အား နည်းပြဆရာ ဆရာမ ရှစ်ဦးနှင့် ကြီးကြပ်ရေးအဖွဲ့ တစ်ဦးတို့က မေ ၁၄ ရက်မှ ၂၄ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၄ နာရီ အထိ ဆွေးနွေးပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

**အပူဒဏ်အန္တရာယ် ကာကွယ်ရေး**

ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများနှင့် ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါ အခံရှိသူများအနေဖြင့် နေ့လယ်နေ့ခင်းအချိန်တွင် အရိပ်ရအေးမြ၍ လေဝင်လေထွက် ကောင်းသော နေရာများတွင် နားနေပါ။

## အမရပူရမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်ဆောင်ရွက်ပေး

**အမရပူရ မေ ၁၇**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အမရပူရမြို့နယ်ဦးစီးမှူးရုံး၌ မေ ၁၅ရက် က ရက် (၁၀၀) လမင်းစီမံချက်ဖြင့် အသက် (၁၈) နှစ်ပြည့် နိုင်ငံသား စိစစ်ရေးကတ် မရှိသူများအား မြို့နယ်ဦးစီးမှူးရုံးသို့ ဖိတ်ခေါ် ဆောင်ရွက်ပေးလျက်ရှိရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန တိုင်းဒေသကြီးဦးစီးမှူး ညွှန်ကြားရေးမှူး ဦးစိုးလွင်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာများတက်ရောက်ကြပြီး နိုင်ငံသားစိစစ် ရေးကတ်နှင့်UID ကတ်များကို ပြည်သူ့လက်ဝယ်အရောက်ပေးအပ်ခဲ့ ကြောင်း သိရသည်။

စိုးသီဟ(အမရ)



## လပွတ္တာမြို့နယ်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**လပွတ္တာ မေ ၁၇**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာ မြို့နယ် ခုတင် ၂၀၀ ပြည်သူ့ ဆေးရုံကြီးမှ အထူးကုဆရာဝန် ကြီးများ ကွင်းဆင်းဆေးကုသရေး အဖွဲ့သည် ယနေ့နံနက် ၇ နာရီ က လပွတ္တာလုပ်တောင်ကျေးရွာရှိ ရှင်စောမြတ် ဘုရားတန်ဆောင်း ၌ ဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးရာ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးလွင်ကိုဦးနှင့် တာဝန်ရှိသူများက ကျန်းမာရေး စောင့်ရှောက်မှု ခံယူကြသည့် ဒေသခံပြည်သူများအား လာရောက် ကြည့်ရှုအားပေး၍ ထမင်းဘူးများ ကိုပေးဝေခဲ့သည်။

အဆိုပါအထူးကုဆရာဝန်ကြီး များအဖွဲ့သည် လပွတ္တာလုပ်တောင် ကျေးရွာနှင့်အနီးနားရှိ ကျေးရွာ များမှ ဒေသခံပြည်သူ ၄၃၅ ဦးနှင့် အရေးပေါ် လူနာနှစ်ဦးတို့အား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်း များ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



## မြို့နယ်သမဝါယမအသင်းအမှုဆောင်များနှင့် အသင်းဝန်ထမ်းများ အခြေခံစာရင်းရေး၊ စာရင်းကိုင်သင်တန်းဖွင့်လှစ်

**ရန်ကုန် မေ ၁၇**

ရန်ကုန်တိုင်းဒေသကြီး တောင် ဥက္ကလာပမြို့နယ် သမဝါယမ ဦးစီးဌာနမှ ရက် (၁၀၀) စီမံချက် အနေဖြင့် မြို့နယ်သမဝါယမ အသင်းစုနှင့်ပူးပေါင်းကာ မြို့နယ် သမဝါယမ အသင်းအမှုဆောင် များနှင့် အသင်းဝန်ထမ်းများ အခြေခံစာရင်းရေး၊ စာရင်းကိုင် သင်တန်းဖွင့်ပွဲကို မေ ၁၃ ရက်က တောင်ဥက္ကလာပမြို့နယ် အမှတ် (၉)ရပ်ကွက် လူထုခန်းမဆောင်ရုံ၌ ကျင်းပ ရာ အမျိုးသားလွှတ်တော်ကိုယ်စား လှယ် (PR)၊ တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ်နှင့် သင်္ဃန်းကျွန်းခရိုင် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ဒုတိယခရိုင် အုပ်ချုပ်ရေးမှူး ဦးမင်းကိုကိုတို့က အမှာစကားပြောကြားပြီး သင်တန်း ကို ဆက်လက်ဖွင့်လှစ်ပို့ချရာ သင်တန်းသား ၃၀ တက်ရောက် သည်။

ခင်ဆွေနှင်း(ပြန်/ဆက်)



# မိုးဦးနှင့်အတူ ပညာပန်းပွင့်လန်းရာ ကျောင်းတော်များ၏ နွေးထွေးသော ကြိုဆိုခြင်း

ဇော်ထွန်းအောင် (ပညာရေး)

**ပညာပန်းတို့ လန်းဆန်းမည့် မိုးဦးကာလ**

မြန်မာစကားပုံတွင် **"အလိမ္မာ စာမှာရှိ"** ဟု ဆိုခဲ့သည့်အလျောက် ပညာသည် လူသားတို့၏ ဘဝခရီးလမ်းကို လမ်းညွှန်ပေးသည့် ထာဝရအလင်းတန်းတစ်ခု ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ ပညာရေးပြက္ခဒိန်တွင် မေလလယ်ကာလသည် အလွန်အရေးပါပြီး ရင်ခုန်စရာကောင်းသော အချိန်အခါသမယ ဖြစ်သည်။ ၂၀၁၆ ခုနှစ် မေလ နောက်ဆုံးပတ်မှစ၍ တစ်နိုင်ငံလုံးရှိ ကျောင်းသား ကျောင်းသူများသည် မိမိတို့၏ အိပ်မက်လမ်းကြောင်းဆီသို့ ပြန်လည်ခြေလှမ်းပြင်နေကြပြီ ဖြစ်သည်။

**ပညာသည် ရတနာ၊ ပြည်သူ့အကျိုးသယ်ပိုးရာ** ဟူသည့်အတိုင်း မိဘပြည်သူများအနေဖြင့် မိမိတို့၏ ရင်နှစ်သည်းချာ သားသမီးများကို သက်ဆိုင်ရာဒေသအလိုက် ကျောင်းအပ်နှံခြင်းများ ပြုလုပ်နိုင်မည်ဖြစ်သည်။ ကျောင်းအပ်နှံခြင်းဆိုသည်မှာ ရိုးရှင်းသော အုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်တစ်ခုမျှသာ မဟုတ်ဘဲ သားသမီးတို့၏ နောင်ရေးအတွက် **"ပညာတည်းဟူသော ရတနာ"**ကို အမွေပေးလိုက်ခြင်းပင်ဖြစ်သည်။

ဇွန်လ ၁ ရက်နေ့တွင် တစ်နိုင်ငံလုံးရှိ စာသင်ကျောင်းတံခါးများ ပွင့်လာမည်ဖြစ်သည်။ ထိုနေ့ရက်သည် ပညာရောင်ခြည်တို့ လင်းလက်လာမည့်၊ ကလေးငယ်များ၏ ဆော့ကစားသံ၊ ရယ်သံ၊ ငိုသံ၊ အော်ဟစ်သံများဖြင့် စာသင်ကျောင်းများ အသက်ဝင်လာမည့် မျှော်လင့်ချက်၏ အစပြုချိန်ပင်ဖြစ်သည်။

ကလေးငယ်များသည် ပညာဟူသော ရေစင်ကို သောက်သုံးကာ အသိဉာဏ်၏ အစွမ်းဖြင့် ကမ္ဘာကို ယှဉ်နိုင်သည့် လူသားကောင်းများ ဖြစ်လာစေရန် မိဘများက သားသမီးများကို အချိန်မီ ကျောင်းအပ်နှံပေးခြင်းဖြင့် ပညာရေး၏ လမ်းကြောင်းပေါ်သို့ လှပစွာချစ်ခြင်းမေတ္တာဖြင့် လက်တွဲပို့ဆောင်ပေးကြရမည်ဖြစ်သည်။

**မိုးဦး၏ အလှနှင့် ပညာပန်းတို့ ဖူးပွင့်မည့် အချိန်အခါ**

ဇွန်လ၏ မိုးဦးကာလသည် မြေပြင်ကို အသက်သွင်းပေးသကဲ့သို့ ပညာရေးသည်လည်း လူငယ်မျိုးဆက်သစ်တို့၏ အသိဉာဏ်ကို ရှင်သန်ဖွံ့ဖြိုးစေပါသည်။ မိုးဦး၏ အေးမြသော လေပြေ၊ မိုးစက်တို့၏ ပျော်ရွှင်သော ကကွက်များနှင့်အတူ စာသင်ကျောင်းများသည် ကျွန်ုပ်တို့၏ ရင်နှစ်သည်းချာ ရတနာပန်းလေးများကို လှိုက်လှဲစွာ ကြိုဆိုရန် အသင့်ရှိနေပါပြီ။ ကျောင်းများသည် မေတ္တာအပြည့်ဖြင့် သားသမီးလေးများကို လက်ကမ်းကြိုဆိုရန် စောင့်မျှော်နေပါသည်။ "ကျောင်းတော်ကြီးများ"၏ တံခါးများ ပွင့်လာမည့် ဤအချိန်အခါသည် ကလေးငယ်များ၏ အိပ်မက်များကို စတင်ပျိုးထောင်မည့် အခွင့်ကောင်းပင်ဖြစ်သည်။

"မိုးစက် ဝတ်မှုန် ကလို့ ခုန်တော့
ဒို့ကျောင်းတော်ကြီး ဖွင့်တော့မည်။
ရင်နှစ်သည်းချာ ရတနာပန်းတို့
ဘဝလမ်းအတွက် ကျောင်းသို့ချီ။"

ဤကဗျာလေးအတိုင်းပင် မိုးစက်၊ မိုးပွင့်တို့ ခုန်ပေါက်နေသည့်ကြားမှ မိမိတို့၏ သားသမီးလေးများက ဘဝလမ်းအတွက် ပညာကိုရှာဖွေရန် စာသင်ကျောင်းများဆီသို့ ပျော်ရွှင်စွာ ချီတက်ကြပါတော့မည်။ မိုးစက်ကလေးများကဲ့သို့ ရိုးသားဖြူစင်သော ကျွန်ုပ်တို့၏ ရတနာပန်းလေးများအတွက် ပညာဟူသော ရေစင်ကို တိုက်ကျွေးခြင်းသည် မိဘတိုင်း၏ အမြင့်မြတ်ဆုံးသော လက်ဆင့်ကမ်းတာဝန် တစ်ခု ဖြစ်ပါသည်။

မိဘများအနေဖြင့် မိမိတို့၏ သားသမီးလေးများကို စာသင်ကျောင်းတော်ကြီးများသို့ လက်တွဲခေါ်ဆောင်ကာ ကျောင်းအပ်နှံပေးခြင်းသည် သူတို့၏ ဘဝတစ်သက်တာအတွက် အကောင်းဆုံးသော လက်ဆောင်တစ်ခုပင် ဖြစ်ပါသည်။ ပညာရေးခရီးကို မိုးဦး၏ အလှနှင့်အတူ စတင်လိုက်ကြပါစို့။ ဤပညာရေးခရီးသည် သားသမီးတို့အတွက် အလင်းရောင်တောက်ပသော ဘဝလမ်းကြောင်းတစ်ခု ဖြစ်လာမည်မှာ အမှန်ပင်ဖြစ်ပါသည်။

**မေတ္တာမိုးစက်များဖြင့် ပုံဖော်မည့် အနာဂတ်**

စာသင်ကျောင်းဆိုသည်မှာ ကလေးငယ်တို့၏ စိတ်ကူးယဉ်အိပ်မက်များကို ပုံဖော်ပေးရာ၊ အသိဉာဏ်၏ အစွမ်းဖြင့်ဘဝကို အရောင်တင်ပေးရာ နေရာများဖြစ်သည်။ ကျောင်းဖွင့်ချိန် ရောက်လာလျှင် ကျောင်းတော်ကြီးများသည် မေတ္တာတရား၏ အလင်းရောင်များဖြင့် တောက်ပနေသည်။ ထိုနေရာတွင် ဆရာ ဆရာမတို့သည် ကလေးငယ်များအား မိမိတို့၏ ရင်သွေးအရင်းအချာကဲ့သို့ သံယောဇဉ်တရားအပြည့်ဖြင့် နွေးထွေးစွာ ကြိုဆိုကြသည်။

> ❖ **စာသင်ကျောင်းဆိုသည်မှာ ကလေးငယ်တို့၏ စိတ်ကူးယဉ်အိပ်မက်များကို ပုံဖော်ပေးရာ၊ အသိဉာဏ်၏ အစွမ်းဖြင့်ဘဝကို အရောင်တင်ပေးရာ နေရာများဖြစ်၊ ကျောင်းဖွင့်ချိန်ရောက်လာလျှင် ကျောင်းတော်ကြီးများသည် မေတ္တာတရား၏ အလင်းရောင်များဖြင့် တောက်ပနေ၊ ထိုနေရာတွင် ဆရာ ဆရာမတို့သည် ကလေးငယ်များအား မိမိတို့၏ ရင်သွေးအရင်းအချာကဲ့သို့ သံယောဇဉ်တရားအပြည့်ဖြင့် နွေးထွေးစွာ ကြိုဆိုကြ**

ဆရာ ဆရာမတို့၏အပြုံးသည် ကလေးငယ်များအတွက် ကမ္ဘာ့အလှဆုံး လက်ဆောင်တစ်ခုပင်ဖြစ်သည်။ အေးမြသော မိုးဦးကာလ၏ နံနက်ခင်းတွင် ကလေးငယ်လေးများ ကျောင်းခန်းထဲသို့ တိုးဝင်လာပြီး ရိုးသားဖြူစင်သော မျက်ဝန်းလေးများဖြင့် "မင်္ဂလာပါ ဆရာမ"ဟု ညီညီညာညာ နှုတ်ဆက်ကြသည့် မြင်ကွင်းသည် မည်မျှပင် ငြိမ်းချမ်းပြီး ချစ်စရာကောင်းလိုက်ပါသနည်း။

ဆရာတို့၏ လက်ကမ်းကြိုဆိုမှုသည် ကလေးငယ်များ၏ ကြောက်ရွံ့မှုကို ပျောက်ကွယ်သွားစေပြီး ယုံကြည်မှုနှင့် ပညာရှာလိုစိတ်တို့ကို အစားထိုးပေးလိုက်ခြင်းပင် ဖြစ်သည်။ ဤနွေးထွေးလှသော ကြိုဆိုခြင်းများ၊ ဆရာမတို့၏ စေတနာမေတ္တာ လက်တစ်စုံဖြင့် ကလေးငယ်များ၏ပညာရေး ခရီးကို အလှပဆုံးသော အစပြုမှုဖြင့် စတင်ပေးလိုက်ကြပါစို့။ ဤပတ်ဝန်းကျင်၊ ဤကျောင်းတော်သည် ကလေးငယ်များအတွက် အိမ်တစ်အိမ်လိုပင် နွေးထွေးပြီး အသိပညာတို့ စုဝေးရာဖြစ်လာမည်မှာ အသေအချာပင် ဖြစ်သည်။

**ပညာရှာမည့် မျိုးဆက်သစ်တို့၏ အားမာန်**

ပညာရေးခရီးဆိုသည်မှာ ပန်းခင်းလမ်းသဖွယ် အစဉ်အမြဲ လွယ်ကူချောမွေ့နေတတ်သည့် လမ်းကြောင်းတစ်ခု မဟုတ်ပါ။ တစ်ခါတစ်ရံတွင် မိုးသည်းထန်စွာ ရွာသွန်းနိုင်သည်၊ တစ်ခါတစ်ရံတွင် လေပြင်းများ တိုက်ခတ်နိုင်သည်၊ သို့သော် ဖြူစင်သော စိတ်ဓာတ်တို့၏ ပိုင်ရှင်ဖြစ်သည့် ကျွန်ုပ်တို့၏ သားသမီးငယ်လေးများသည် ထိုအခက်အခဲများကို စိန်ခေါ်မှုများအဖြစ်သာ သဘောထားကြပါသည်။ ဖြူဖြူစိမ်းစိမ်း ကျောင်းဝတ်စုံလေးများကို ဝတ်ဆင်ထားသော သူတို့၏ နှလုံးသားထဲတွင် ပညာကို ဆည်းပူးရန်ဟူသော အာသီသပညာဆီမီးသည် အမြဲထွန်းလင်းတောက်ပနေမည်သာ ဖြစ်သည်။

"ညီညီညာညာ ဖြူဖြူစိမ်းနှင့်
ကျောင်းကိုသွားဖို့ ဒို့မကြောက်တယ်
မိုးတွေရွာလို့ လေတွေ တိုက်လည်း
ပညာရေးအတွက် ကျောင်းတက်မယ်
ကျောင်းတက်မယ် ကျောင်းတက်မယ်။"

ဤကဗျာလေးသည်ကလေးငယ်တို့၏စိတ်ဓာတ်ကို အထင်းသား ပုံဖော်ထားခြင်းဖြစ်သည်။ "ဒို့မကြောက်တယ်"ဟူသော စကားလုံးသည် သူတို့၏ ရဲရင့်မှုကို ပြသနေပြီး "ကျောင်းတက်မယ်" ဟူသော စကားကို ထပ်ကာတလဲလဲ ရွတ်ဆိုခြင်းသည် ပညာရေးအတွက် မည်သည့် အတားအဆီးကိုမဆို ကျော်လွှားမည်ဟူသော ခိုင်မာသည့်ဆုံးဖြတ်ချက်ကို ဖော်ညွှန်းနေပါသည်။

မိုးရွာလျှင် စိုစွတ်မှာကို မကြောက်၊ လေတိုက်လျှင် ပင်ပန်းမှာကို မတွေးတော၊ သူတို့၏ အဓိကပန်းတိုင်မှာ ပညာရေးပင်ဖြစ်သည်။ ဤရဲရင့်သော စိတ်ဓာတ်မျိုးဖြင့် ပညာရှာမည့် သားသမီးတို့၏ စိတ်အစဉ်ကို မိဘများအနေဖြင့် လေးစားဂုဏ်ယူရမည်ဖြစ်ပါသည်။ အခက်အခဲများကို ကျော်လွှားရန် ပညာသင်ယူနေသည့် ဤမျိုးဆက်သစ်တို့၏ စိတ်ဓာတ်သည် အနာဂတ်နိုင်ငံတော်၏ ခိုင်မာသော အုတ်မြစ်များ ဖြစ်လာမည်မှာ မလွဲကေန်ပင်။ မိဘများအနေဖြင့်လည်း ဤကဲ့သို့ စိတ်ဓာတ်တက်ကြွနေသည့် ရင်သွေးငယ်များကို "စာသင်ကျောင်းများ"ဆီသို့ လက်တွဲခေါ်ဆောင်ကာ ပညာရေး ခရီးကို အတူတကွ ပံ့ပိုးပေးကြပါစို့။

**ပညာပန်းခင်းမှ ပွင့်လန်းမည့်အနာဂတ်**

ကျောင်းအပ်နှံရေး ရက်သတ္တပတ်များက မိသားစုတိုင်းအတွက် မျှော်လင့်ချက်အပြည့်ရှိသော၊ အနာဂတ်ကို ပုံဖော်ရန် စတင်ပြင်ဆင်ရသော အချိန်အခါ သမယဖြစ်သည်။ "ကျောင်းတော်ကြီးများ" သည် မိုးဦးကာလ၏ ပန်းမာလာတို့နှင့်အတူ အသက်ဝင်လှပနေပြီး စာသင်ကျောင်းဝင်းအတွင်းရှိ သဘာဝအလှတရားများသည် ကလေးငယ်တို့၏ စိတ်နှလုံးကို နူးညံ့သိမ်မွေ့စေပါသည်။

"တို့ကျောင်း" ကဗျာလေးက မြန်မာနိုင်ငံ၏ စာပေအမွေအနှစ်တစ်ခုဖြစ်ပြီး ယင်း၏ အဓိပ္ပာယ်မှာ ကျယ်ပြန့်နက်နဲလှပါသည်။ ဤကဗျာလေး၏ စာသားများက ကျွန်ုပ်တို့၏ကလေးငယ်များအတွက် အလွန်လှပသော တင်စားချက်များဖြစ်ပါသည်။ "ပန်းကလေးများ ပွင့်တော့မည်" နှင့် "ဖူးတံဝင့်လို့ချီ" ဆိုသည့် စာသားများတွင် ကလေးငယ်များကို ပညာသင်ယူရန် အသင့်ဖြစ်နေသော ပွင့်လုဆဲပန်းကလေးများနှင့် တင်စားထားပါသည်။ သူတို့သည် အနာဂတ်တွင် လှပစွာ ပွင့်လန်းလာမည့် မျိုးဆက်သစ်များဖြစ်ကြပြီး "ဝင့်လို့ချီ" ဟူသော စကားလုံးက ကလေးငယ်တို့၏ ယုံကြည်မှုနှင့် ပညာကို မြတ်နိုးတန်ဖိုးထားသော စိတ်ဓာတ်တို့ကို အကောင်းဆုံးကိုယ်စားပြု ဖော်ပြနေပါသည်။

ထို့ပြင် "နေခြည်မှာ ရွှေရည်လောင်း" ဟူသည့် အပိုဒ်တွင် နေရောင်ခြည်ကို အသိပညာ၏ အလင်းတရားအဖြစ် တင်စားထားပြီး ဆရာ ဆရာမများက ထိုအသိပညာရောင်ခြည်ကို ကလေးငယ်တို့၏ နှလုံးသားပေါ်သို့ ရွှေရည်လောင်းပေးသကဲ့သို့ စေတနာအပြည့်ဖြင့် သွန်းလောင်းပေးကြသူများဖြစ်ကြောင်း ဖော်ကျူးထားသည်။ ဤစာသားများသည် ပညာပေးခြင်း၏ ဂုဏ်သိက္ခာနှင့် ဆရာတို့၏ မွန်မြတ်သော စေတနာကို အကောင်းဆုံး ထင်ဟပ်ဖော်ပြနေခြင်းပင် ဖြစ်သည်။

**ကျောင်းတော်ကြီးများ၏ အလှတရား**

ကျောင်းတော်ကြီးများသည် သဘာဝတရား၏ အလှပဆုံး ပန်းခင်းကြီးများဖြစ်သည်။ ပန်းမာလာတို့ကဲ့သို့ ကွဲပြားသော အရည်အချင်းရှိသည့် ကလေးငယ်များသည် ဤစာသင်ကျောင်းဝင်းအတွင်း စုစည်းလာသောအခါ ပညာရေး၏ ပန်းခင်းကြီးတစ်ခု ဖြစ်လာသည်။ စာသင်ကျောင်းများသည် ကလေးငယ်တို့၏ ဉာဏ်ရည် ဉာဏ်သွေးများကို ရွှေရည်လောင်းသကဲ့သို့ ပိုမိုတောက်ပလာစေသည်။ သဘာဝပတ်ဝန်းကျင်၏ လတ်ဆတ်မှု၊ ဆရာတို့၏ မေတ္တာရောင်ခြည်နှင့် ကလေးငယ်တို့၏ ကြိုးစားအားထုတ်မှုတို့ ပေါင်းစပ်လိုက်သောအခါ ကျွန်ုပ်တို့၏ စာသင်ကျောင်းများက လူသားကောင်း ရတနာများ မွေးထုတ်ပေးရာ အမြတ်ဆုံးသော နေရာဒေသများ ဖြစ်လာမည်မှာ အမှန်ပင်ဖြစ်သည်။ မိဘပြည်သူများအနေဖြင့်... သင်တို့၏ သားသမီးများကို ဤသို့သော "ပညာပန်းခင်းကြီး" ထဲသို့ အချိန်မီပို့ဆောင်ပေးလိုက်ပါ။

**ပညာပန်းရနံ့တို့ လွှမ်းခြုံမည့် နိမိတ်ပုံများ**

စာသင်ကျောင်းများသည် လူငယ်တို့၏အိပ်မက်များကို ပုံဖော်ပေးရာ နေရာများဖြစ်ပြီး ဇွန်လ ၁ ရက်နေ့တွင် တစ်နိုင်ငံလုံးရှိ "စာသင်ကျောင်းများ"သည် ကျောင်းသား ကျောင်းသူများ၏ ဆော့ကစားသံ၊ ရယ်သံ၊ ငိုသံ၊ အော်ဟစ်သံများဖြင့် တက်ကြွစွာ အသက်ဝင်လာတော့မည်ဖြစ်သည်။ ပညာရနံ့တို့ သင်းပျံ့နေမည့် ထို"စာသင်ကျောင်းများ"က ကျွန်ုပ်တို့၏ နိုင်ငံတော်အနာဂတ်ကို ပုံဖော်ပေးမည့် တန်ဖိုးမဖြတ်နိုင်သော "ပညာအမွေမွေးထုတ်ရာ အဖိုးတန်နေရာများ"ပင် ဖြစ်သည်။

ကျောင်းတော်ကြီးများသည် ကလေးငယ်တို့၏ ဉာဏ်ရည် ဉာဏ်သွေးများကို ရွှေရည်လောင်းသကဲ့သို့ ပိုမိုတောက်ပလာစေသည်။ ဤပညာပန်းရနံ့ သင်းပျံ့ရာ စာသင်ကျောင်းတော်များက ကျွန်ုပ်တို့၏ သားသမီးများကို အနာဂတ်အတွက် စွမ်းရည်ရှိသူများ၊ ကျန်းမာပျော်ရွှင်သူများ ဖြစ်လာစေရန် ပျိုးထောင်ပေးနေသည့် နေရာများပင် ဖြစ်ပါသည်။

**မိဘ၊ ဆရာ၊ ကျောင်းသား – အနာဂတ်အတွက် ပေါင်းစည်းညီညွတ်ခြင်း**

မိဘများသည် အိမ်တွင် အခြေခံအုတ်မြစ်ကို တည်ဆောက်ပေးသူများဖြစ်ပြီး ဆရာများသည် ကျောင်းတွင် ပညာတန်ခိုးဖြင့် ထုဆစ်ပုံဖော်သူများ ဖြစ်ကြသည်။ ဤမွန်မြတ်လှသော ပညာရေးခရီးတွင် မိဘ၊ ဆရာနှင့် ကျောင်းသားတို့သည် တစ်စိတ်တစ်ဝမ်းတည်း ပူးပေါင်းဆောင်ရွက်မှသာ သားကောင်းရတနာတို့၏ ဘဝသည် လှပသော ပန်းဥယျာဉ်ကြီးကဲ့သို့ တောက်ပနေမည် ဖြစ်သည်။

**မိဘများခင်ဗျား...** သင်တို့၏ ရင်သွေးများကို အချိန်မီကျောင်းအပ်နှံပေးခြင်းဖြင့် သူတို့၏ အနာဂတ်ကို တံခါးဖွင့်ပေးလိုက်ပါ။ ပညာအမွေပေးကြပါ။

**ဆရာများခင်ဗျား...** မေတ္တာ၊ စေတနာ၊ ဝါသနာ၊ အနစ်နာခံမှုတို့ဖြင့် ကလေးငယ်တို့၏ ဘဝကို အလင်းပေးကြပါ။

**ချစ်သား ချစ်သမီးတို့ ...** ဇွဲ လုံ့လ၊ ဝီရိယတို့ဖြင့် နိုင်ငံတော်၏ အားကိုးရသော သားကောင်းရတနာများ ဖြစ်လာစေရန် ကြိုးပမ်းကြပါ။

ကျွန်ုပ်တို့အားလုံး စည်းလုံးညီညွတ်စွာ ပေါင်းစပ်လက်တွဲ၍ မြန်မာနိုင်ငံ၏ ပညာရေးအလင်းတန်းကို တစ်ဆင့်မြင့်တက်အောင် အတူတကွပုံဖော်ကြပါစို့။ ဇွန်လ ၁ ရက်နေ့မှ စတင်မည့် ပညာရေးခရီးလမ်းသည် အားလုံးအတွက် ထူးချွန် အောင်မြင်မှုများဖြင့် ပြည့်နှက်နေပါစေကြောင်း မိဘပြည်သူများနှင့်အတူ ဝမ်းမြောက်စွာ ကြိုဆိုအပ်ပါသည်။ ။

## မော်လမြိုင်မြို့နယ်၌ ရက်(၁၀၀) စီမံချက်ဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများ ညှိနှိုင်းဆွေးနွေး

**မော်လမြိုင် မေ ၁၇**

မွန်ပြည်နယ် မော်လမြိုင်မြို့နယ်၌ မေ ၁၇ ရက်က မြို့နယ်စီမံခန့်ခွဲရေး



နှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ရက်(၁၀၀)အတွင်း ဆောင်ရွက်ရမည့်လုပ်ငန်းများအား ညှိနှိုင်းဆွေးနွေးပွဲကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးအောင်ဝင်းနိုင်က အမှာစကားပြောကြားပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တို့က နိုင်ငံတော်မှချမှတ်သည့် ရက်(၁၀၀) လုပ်ငန်းစီမံချက် ဆောင်ရွက်နေမှုအခြေအနေများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် မော်လမြိုင်မြို့နယ်ရှိ ဌာနဆိုင်ရာများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ပူးပေါင်းကာ ပြည်သူများ၏လိုအပ်ချက်၊ လိုလားချက်များကို အဓိကလုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။ **ခင်စန်းမြင့်(ပြန်/ဆက်)**

## ပေါင်းတည်၌ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ပေး

**ပေါင်းတည် မေ ၁၇**

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ်၌ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများပေးအပ်ပွဲကို မေ ၁၂ ရက်က မြို့နယ် လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲခန်းမ၌ ကျင်းပရာ မြို့နယ် ချေးငွေအကြံပေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားပြီး မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ



မန်နေဂျာက စိုက်ပျိုးစရိတ်ချေးငွေ ထုတ်ချေးရေးလုပ်ငန်း အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တို့က တောင်သူများအား စိုက်ပျိုးစရိတ်ချေးငွေများကို အကျိုးရှိစွာ အသုံးပြုရေး မှာကြားသည်။ ချေးငွေ ပေးအပ်ပွဲတွင် ကျေးရွာအုပ်စုနှစ်အုပ်စုမှ တောင်သူ ၁၈၄ ဦး၏ မိုးစပါးစိုက်ပျိုးဧက ၁၁၂၁ ဧကအတွက် ချေးငွေကျပ် ၃၃၆၆ သိန်းကို ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **ကိုတွတ်(ပြန်/ဆက်)**

## မြစ်သားမြို့နယ်၌ တောင်သူစိုက်ပျိုးရေး နည်းပညာပေးဆွေးနွေးပွဲနှင့် သွင်းအားစုပေးအပ်ပွဲ ကျင်းပ



**မြစ်သား မေ ၁၇**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်၌ ဆီထွက်သီးနှံ (မြေပဲ၊ နှမ်း၊ နေကြာ) ပန်းတိုင်အထွက်နှုန်းရရှိစေရေး တောင်သူစိုက်ပျိုးရေး နည်းပညာပေးဆွေးနွေးပွဲနှင့် သွင်းအားစုပေးအပ်ပွဲကို မေ ၁၆ ရက်က သစ်တက္ကုန်းကျေးရွာ၊ အုပ်ချုပ်ရေးမှူးအိမ်၌ ကျင်းပရာ စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးစိုးမင်းနိုင်က အမှာစကားပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် တောင်သူများကို သွင်းအားစုပစ္စည်းများဖြစ်သော ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ ရွက်ဖျန်းဆေး၊ မြေပဲ၊ နှမ်း၊ နေကြာမျိုးစေ့များကို ပေးအပ်ခဲ့သည်။ **ဝါဝါမြင့်(မြစ်သား)**

## ထမံသီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၌ ၄၈ စတုရန်းကီလိုမီတာလျှင် ကျားသစ်တစ်ကောင်မှ သုံးကောင်အထိ နေထိုင်ကျက်စားလျက်ရှိ



**ဟုမ္မလင်း မေ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့နယ်နှင့် ဟုမ္မလင်းမြို့နယ်အတွင်း ချင်းတွင်းမြစ်၏ အရှေ့ဘက်၌ တည်ရှိသည့် ထမံသီတောရိုင်းတိရစ္ဆာန် ဘေးမဲ့တောတွင် ၄၈ စတုရန်းကီလိုမီတာလျှင် ကျားသစ်တစ်ကောင်မှ သုံးကောင်အထိ နေထိုင်ကျက်စားလျက်ရှိကြောင်း ထမံသီတောရိုင်းတိရစ္ဆာန် ဘေးမဲ့တော အုပ်ချုပ်ရေးမှူးရုံးမှ သိရသည်။

အဆိုပါတောရိုင်းတိရစ္ဆာန် ဘေးမဲ့တော၌ ၂၀၂၅-၂၀၂၆ ခုနှစ်တွင် ဘေးမဲ့တော၏ နမ့်ပုဂွန်ချောင်းနှင့် နမ့်အီးဇူးချောင်းဧရိယာတို့၌ အလိုအလျောက်ရိုက် ထောင်ချောက်ကင်မရာ ၄၈ လုံးဖြင့် ရက်ပေါင်း ၆၀ (နှစ်လ)ကြာ သုတေသနပြုလုပ်ခဲ့ရာမှ ကျားသစ်များ နေထိုင်ကျက်စားမှုကို တွေ့ရှိမှတ်တမ်းတင်နိုင်ခဲ့ခြင်းဖြစ်သည်။

ကျားသစ်ကောင်ရေ၊ ကျက်စားရာဒေသအပါအဝင် ပေါက်ရောက်သည့် သီးပင်၊ စားပင်များ၏ အခြေအနေကိုသာမက ကင်မရာထောင်ချောက်မှတစ်ဆင့် တွေ့ရှိချက်များအပေါ် အခြေခံကာ စီမံအုပ်ချုပ်နိုင်ရေးအတွက် စနစ်တကျ သုတေသနပြုဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

"ထမံသီဘေးမဲ့တောရဲ့ စာရင်းကောက်ဧရိယာ နှစ်ခုစလုံးကရရှိတဲ့ အချက်အလက်တွေကို အခြေခံတွက်ချက်ကြည့်တာ စတုရန်းကီလိုမီတာ ၄၈ မှာ ကျားသစ်တစ်ကောင်ကနေ သုံးကောင်အထိ နေထိုင်ကျက်စားနေတာ လေ့လာသိရှိရပါတယ်။ ဒါပေမယ့် ဒီဘေးမဲ့တောမှာ ကျားသစ်ကောင်ရေ တိုးလာသလား၊ လျော့နည်းသွားသလား ဆိုတာတော့ ဘေးမဲ့တောအနှံ့ တစ်ပြိုင်တည်း လေ့လာနိုင်မှ ကျားသစ်ကောင်ရေ အတိအကျကို ပြောလို့ရမှာပါ"ဟု ထမံသီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအုပ်ချုပ်ရေးမှူးရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ကျားသစ်သတ္တဝါ"ကို အပြည်ပြည်ဆိုင်ရာ သဘာဝထိန်းသိမ်းရေးအဖွဲ့ IUCN က မျိုးသုဉ်းရန်အန္တရာယ်ကျရောက်နိုင်သော မျိုးစိတ် Vulnerable(VU) အဖြစ် သတ်မှတ်ထားပြီး မြန်မာနိုင်ငံအနေဖြင့် ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ဥပဒေအရ လုံးဝကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်များ စာရင်းတွင် ထည့်သွင်းထားကြောင်း သိရသည်။

**ပိန်းဇလုပ် -သိန်းညွန့်**

■ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

■ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူ ခံရနိုင်ပါသည်။



## ပုလောမြို့နယ်၌ မျိုးစေ့ချကိရိယာ၊ ကော်ဖီ၊ ကိုကိုးပျိုးပင်များ ပေးအပ်အစေ့ချ(Seeder) စိုက်ပျိုးနည်းပညာပေး သင်တန်းဖွင့်

**ပုလော မေ ၁၇**

ပုလောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၌ မျိုးစေ့ချကိရိယာ၊ ကော်ဖီ၊ ကိုကိုးပျိုးပင်များ ပေးအပ်ချီးမြှင့်ခြင်းကို မေ ၁၄ ရက်က မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ကျင်းပရာ တာဝန်ရှိသူများက စပါးမျိုးစေ့ချကိရိယာအခု ၃၀ ကို ကျေးရွာအုပ်စု ခြောက်အုပ်စုရှိ တောင်သူ ၃၀၀ အား မျှဝေသုံးစွဲရန် ပေးအပ်ပြီး ကျေးရွာအုပ်စု ကိုးအုပ်စုရှိ တောင်သူ ၇၉ ဦးကို ကော်ဖီပျိုးပင် ၈၀၀၀၀ နှင့် ကိုကိုးပျိုးပင် ၈၀၀၀ တို့ကို အခမဲ့ဖြန့်ဝေပေးခဲ့သည်။

ဆက်လက်၍ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးက အစေ့ချ(Seeder)ဖြင့် စိုက်ပျိုးနည်းပညာများကို ပို့ချခဲ့ရာ တောင်သူ ၅၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ **ပုလော(ပြန်/ဆက်)**



## ရေဦးမြို့၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုလူဦးရေစာရင်းများ ဆောင်ရွက်ပေး

**ရေဦး မေ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့၌ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးဆောင်ပြီး မေ ၁၅ ရက်က ရွှေပြည်သာရပ်ကွက်တွင် နိုင်ငံသားစိစစ်ရေးကတ် ၈၁ ဦးနှင့် အိမ်ထောင်စုလူဦးရေစာရင်းပုံစံ (၆၆/၆) ၃၉ အိမ်ထောင်စုကို ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် အိမ်ထောင်စုလူဦးရေစာရင်းများ အသစ်ပြုလုပ်ခြင်း၊ ပျောက်ဆုံးပျက်စီးများ ပြန်လည်ဆောင်ရွက်ပေးခြင်း၊ မွေးတိုးများ ဆောင်ရွက်ပေးခြင်း၊ နိုင်ငံသားစိစစ်ရေးကတ်အသစ်ပြုလုပ်ခြင်းနှင့် လဲလှယ်ခြင်းများကို ဆောင်ရွက်ခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**



## ဖြူးချောင်းရေလှောင်တမံမှ ရေပေးဝေ စိုက်ပျိုးထားသည့် နွေစပါးစိုက်ကေများ အောင်မြင်ဖြစ်ထွန်း

**ဖြူး မေ ၁၇**

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ဖြူးချောင်းရေလှောင်တမံမှ ရေပေးဝေစိုက်ပျိုးထားသည့် နွေစပါးစိုက်ကေများ အောင်မြင်ဖြစ်ထွန်းပြီး မေလမှ စတင်ရိတ်သိမ်းနေကြောင်း၊ ဖြူးချောင်းရေလှောင်တမံ တူးမြောင်းများမှ တစ်ဆင့် ဇန်နဝါရီလတွင် ရေပေးဝေ၍ နွေစပါး ၁၇၃၈၉ ကေကျော် စိုက်ပျိုးနိုင်ခဲ့ကြောင်းနှင့် နွေစပါးရိတ်သိမ်းရာတွင် တစ်ကေ အထွက်နှုန်း တင်း ၁၁၀ နှင့်အထက် ထွက်ရှိကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

# ပျားမွေးမြူရေး၏ ပစ္စုပ္ပန်နှင့် အနာဂတ်

**ပျားမွေးမြူရေးလုပ်ငန်းသည် လူသားတို့၏ စားရေရိက္ခာဖူလုံရေး၊ အာဟာရဖူလုံရေးနှင့် စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသော မွေးမြူရေးလုပ်ငန်းတစ်ရပ်ဖြစ်သည်။ ပျားများသည် ပျားရည်၊ ပျားဖယောင်း၊ တော်ဝင်ဂျယ်လီ (Royal Jelly)၊ ပရိုပိုလစ် (Propolis)၊ ဝတ်မှုန် (Bee Pollen)နှင့် ပျားအဆိပ် (Bee Venom) ကဲ့သို့သော တန်ဖိုးမြင့်ထုတ်ကုန်များကို ထုတ်လုပ်ပေးနိုင်သည့်အပြင် စိုက်ပျိုးသီးနှံများအတွက် ဝတ်မှုန်ကူးပေးခြင်းအားဖြင့် သီးနှံအထွက်နှုန်းနှင့် အရည်အသွေးကို တိုးတက်စေသော အရေးကြီးဝတ်မှုန်ကူးပေးသည့် အင်းဆက်များ ဖြစ်ကြသည်။**

ဒေါက်တာခင်စန္ဒာလွင်(မွေးကု)



မြန်မာနိုင်ငံသည် စိုက်ပျိုးရေးအခြေပြုနိုင်ငံဖြစ်ပြီး ပန်းပွင့်သီးနှံများ ပေါများခြင်း၊ သဘာဝပတ်ဝန်းကျင်ကောင်းမွန်ခြင်းနှင့် ရာသီဥတုသင့်လျော်ခြင်းတို့ကြောင့် ပျားမွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတတ်နိုင်သည့် အလားအလာကောင်းများစွာ ရှိနေပါသည်။ သို့သော် ခေတ်မီနည်းပညာ အသုံးပြုမှုနည်းပါးခြင်း၊ ပိုးသတ်ဆေးအန္တရာယ်များ၊ ရောဂါနှင့် ကပ်ပါးပိုးကျရောက်မှုများကြောင့် လုပ်ငန်းဖွံ့ဖြိုးရေးတွင် စိန်ခေါ်မှုများလည်း ရှိနေဆဲဖြစ်သည်။

**ပျားမွေးမြူရေးကဏ္ဍ၏ အရေးပါပုံ**

**၁။ စားရေရိက္ခာဖူလုံရေးနှင့် စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါမှု**

သစ်သီးပင်များ၊ ဟင်းသီးဟင်းရွက်များ၊ ဆီထွက်သီးနှံများ၊ ပဲမျိုးစုံနှင့် အစေ့ထုတ်သီးနှံများသည် ပျားများ၏ ဝတ်မှုန်ကူးပေးမှုကြောင့် အထွက်နှုန်း ပိုမိုကောင်းမွန်လာကြသည်။

လေ့လာချက်များအရ ပျားအုံများအနီးတွင် စိုက်ပျိုးထားသောသီးနှံများသည် ပျားမရှိသော နေရာများထက် အသီးအရွယ်အစားပိုကြီးခြင်း၊ အရသာပိုကောင်းခြင်း၊ အစေ့ပြည့်ဝခြင်းနှင့် ပုံသဏ္ဌာန်ညီညာခြင်းတို့ကို ရရှိစေကြောင်း တွေ့ရှိရသည်။

**၂။ စီးပွားရေးအကျိုးကျေးဇူးနှင့် ဝင်ငွေရရှိမှု**

ပျားမွေးမြူရေးလုပ်ငန်းသည် အရင်းအနှီးနည်းနည်းဖြင့် စတင်လုပ်ကိုင်နိုင်ပြီး အမြတ်အစွန်းကောင်းမွန်သော လုပ်ငန်းတစ်ခုဖြစ်သည်။ ပျားရည်၊ ပျားဖယောင်း၊ ဝတ်မှုန်၊ တော်ဝင်ဂျယ်လီ၊ ပရိုပိုလစ်နှင့် ပျားအဆိပ်တို့ကဲ့သို့ တန်ဖိုးမြင့်ထုတ်ကုန်များကို ထုတ်လုပ်ရောင်းချနိုင်သည်။

- ပျားရည်သည် အာဟာရဓာတ်ကြွယ်ဝပြီး ကျန်းမာရေးအတွက် အကျိုးပြုသဖြင့် ပြည်တွင်းပြည်ပ ဝယ်လိုအားမြင့်မားသည်။
- ပျားဖယောင်းကို ဖယောင်းတိုင်၊ အလှကုန်၊ ဆေးဝါးနှင့် အနုပညာပစ္စည်းများတွင် အသုံးပြုကြသည်။
- တော်ဝင်ဂျယ်လီနှင့် ဝတ်မှုန်တို့ကို ကျန်းမာရေးဖြည့်စွက်စာအဖြစ် အသုံးပြုကြပြီး ဈေးကောင်းရရှိနိုင်သည်။
- ပျားအဆိပ်ကို ဆေးဝါးနှင့် ကုထုံးလုပ်ငန်းများတွင် အသုံးပြုလာကြသည်။

ထို့ပြင် ပျားအုံများကို စိုက်ခင်းများသို့ ငှားရမ်း၍ ဝတ်မှုန်ကူးဝန်ဆောင်မှု (Pollination Service) ပေးနိုင်သဖြင့် ပျားရည်မထွက်သော ရာသီများတွင်လည်း ဝင်ငွေရရှိနိုင်သည်။

**၃။ သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်ထိန်းသိမ်းရေး**

ပျားများသည် သဘာဝဂေဟစနစ်တွင် အရေးကြီးသော ဝတ်မှုန်ကူးပေးသူများဖြစ်ကြသည်။ ပျားများ၏ ဝတ်မှုန်ကူးပေးမှုကြောင့် အပင်မျိုးစုံမျိုးပွားနိုင်ပြီး ဇီဝမျိုးစုံမျိုးကွဲများ တည်တံ့စေရန် အထောက်အကူပြုသည်။

ပျားများ ကောင်းစွာရှင်သန်သော ဒေသများတွင် သဘာဝတောတောင်များနှင့် သတ္တဝါမျိုးစုံလည်း ပိုမိုတည်တံ့လေ့ရှိသည်။ ထို့အပြင် အော်ဂဲနစ်ပျားရည်ထုတ်လုပ်နိုင်ရန် ဓာတုပစ္စည်းအသုံးပြုမှုနည်းပါးသော ပတ်ဝန်းကျင်လိုအပ်သဖြင့် ပျားမွေးမြူရေးလုပ်ငန်းသည် ရေရှည်တည်တံ့သော စိုက်ပျိုးရေးစနစ်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကိုလည်း အထောက်အကူပြုသည်။

**“ပျားများသည် သဘာဝဂေဟစနစ်တွင် အရေးကြီးသော ဝတ်မှုန်ကူးပေးသူများဖြစ်ကြသည်။ ပျားများ၏ ဝတ်မှုန်ကူးပေးမှုကြောင့် အပင်မျိုးစုံ မျိုးပွားနိုင်ပြီး ဇီဝမျိုးစုံမျိုးကွဲများ တည်တံ့စေရန် အထောက်အကူပြု”**

**ပျားမွေးမြူရေးဖွံ့ဖြိုးတိုးတက်ရေးအစီအမံများ**

**၁။ ခေတ်မီပျားမွေးမြူနည်းစနစ်များ အသုံးပြုခြင်း**

ရိုးရာပျားအုံများအစား ခေတ်မီ Movable–frame Hive များ အသုံးပြုခြင်းဖြင့် ပျားအုံစီမံခန့်ခွဲမှု ပိုမိုလွယ်ကူလာပြီး ပျားရည်ထုတ်လုပ်မှု တိုးတက်လာနိုင်သည်။

Honey Extractor၊ Smoker၊ Queen Exclu–der နှင့် Protective Equipment များ အသုံးပြုခြင်းဖြင့် လုပ်ငန်းထိရောက်မှု မြင့်မားလာစေသည်။ ထို့အပြင် Artificial Queen Rearing နည်းပညာဖြင့် အရည်အသွေးကောင်းမွန်သော ပျားဘုရင်မများ မွေးမြူထုတ်လုပ်နိုင်ပြီး ပျားအုံအင်အားနှင့် ပျားရည်ထုတ်လုပ်မှုကို တိုးမြှင့်နိုင်သည်။

**၂။ ပျားအုံစီမံခန့်ခွဲမှု ကောင်းမွန်စေရေး**

ပျားအုံများကို ပုံမှန်စစ်ဆေး၍ ပျားဘုရင်မ၏ ကျန်းမာရေး၊ သားလောင်းဖွံ့ဖြိုးမှု၊ ပျားရည်သိုလှောင်မှုနှင့် ရောဂါကျရောက်မှုတို့ကို စောင့်ကြည့်စစ်ဆေးရမည်ဖြစ်သည်။

ရာသီအလိုက် အုံတိုးချဲ့ခြင်း၊ အစာဖြည့်စွက်ပေးခြင်း၊ သင်းခွဲခြင်းကို ထိန်းချုပ်ခြင်းနှင့် ဆောင်းရာသီအတွက် ပြင်ဆင်ခြင်းတို့ကို စနစ်တကျ ဆောင်ရွက်သင့်သည်။

ဝတ်ရည်နှင့် ဝတ်မှုန်ရင်းမြစ်များကို လိုက်၍ ပျားအုံပြောင်းရွှေ့မွေးမြူခြင်း (Migratory Bee–keeping) သည်လည်း ထုတ်လုပ်မှုတိုးတက်စေရန် အရေးပါသည်။

**၃။ အရည်အသွေးပြည့်ဝသော ပျားဘုရင်မ မွေးမြူခြင်းနှင့် မျိုးစပ်ခြင်း**

ဥ ဥနှုန်းကောင်းခြင်း၊ ရောဂါဒဏ်ခံနိုင်ရည်ရှိခြင်း၊ သင်းခွဲမှုနည်းပါးခြင်းနှင့် အလုပ်လုပ်သန်စွမ်းခြင်း စသည့် အရည်အသွေးကောင်းများရှိသော ပျားဘုရင်မများကို ရွေးချယ်မွေးမြူခြင်းသည် အရေးကြီးသည်။

ဒေသခံပျားမျိုးများဖြစ်သော သစ်ခေါင်းပျားများသည် ဒေသရာသီဥတုနှင့် လိုက်လျောညီထွေရှိပြီး Varroa mite ကပ်ပါးကို ပိုမိုခံနိုင်ရည်ရှိသဖြင့် ထိန်းသိမ်းမွေးမြူသင့်သည်။

**၄။ ပျားရောဂါနှင့် ကပ်ပါးပိုးများ ထိန်းချုပ်ခြင်း**

ပျားမွေးမြူရေးတွင် Varroa mite၊ Wax moth၊ Nosema၊ American Foulbrood (AFB) နှင့် European Foulbrood (EFB) စသည့် ရောဂါများနှင့် ကပ်ပါးပိုးများသည် အဓိကစိန်ခေါ်မှုများဖြစ်သည်။ထို့ကြောင့် –

- ပျားအုံများကို သန့်ရှင်းစွာ ထိန်းသိမ်းခြင်း၊
- ရောဂါကျရောက်သော အုံများကို ခွဲခြားစစ်ဆေးခြင်း၊
- လိုအပ်သော ကုသမှုများ ပြုလုပ်ခြင်း၊
- ကပ်ပါးပိုးထိန်းချုပ်ရေး နည်းစနစ်များ အသုံးပြုခြင်းတို့ကို စနစ်တကျ ဆောင်ရွက်ရန် လိုအပ်ပါသည်။

**၅။ ပိုးသတ်ဆေးအန္တရာယ်မှ ကာကွယ်ခြင်း**

ပိုးသတ်ဆေးများ အလွန်အကျွံအသုံးပြုခြင်းသည် ပျားများအတွက် အန္တရာယ်ကြီးမားစေသည်။ အထူးသဖြင့် ပန်းပွင့်ချိန်တွင် ဆေးဖျန်းခြင်းကြောင့် ပျားများ အဆိပ်သင့်သေဆုံးမှုများ ဖြစ်ပေါ်နိုင်သည်။ထို့ကြောင့်–

- ပျားမွေးမြူသူများနှင့် တောင်သူများ ညှိနှိုင်းဆောင်ရွက်ခြင်း၊
- ညဘက်တွင် ပိုးသတ်ဆေးဖျန်းခြင်း၊
- ပျားအန္တရာယ်နည်းသော ဆေးများ အသုံးပြုခြင်း၊
- Organic Farming စနစ်များ အားပေးခြင်းတို့ကို ဆောင်ရွက်သင့်သည်။

**၆။ ပျားစာ အရင်းအမြစ်များ ဖွံ့ဖြိုးစေခြင်း**

ပျားများအတွက် ပန်းပွင့်သီးနှံများ၊ သစ်ပင်များနှင့် သဘာဝစားကျက်များ တိုးချဲ့စိုက်ပျိုးရန် လိုအပ်သည်။

ဝတ်ရည်ရှားပါးသော ရာသီများတွင် သကြားရည်၊ ပရိုတင်းဖြည့်စွက်စာနှင့် သန့်ရှင်းသောရေများ ဖြည့်စွက်ပေးခြင်းဖြင့် ပျားအုံအင်အား မကျဆင်းစေရန် ကာကွယ်နိုင်သည်။

**၇။ သင်တန်းနှင့် နည်းပညာဖြန့်ဝေခြင်း**

ပျားမွေးမြူသူများအား ခေတ်မီပျားမွေးမြူနည်းများ၊ ရောဂါကာကွယ်ထိန်းချုပ်ရေးနည်းများ၊ ပျားရည်ထုတ်ယူနည်းများနှင့် ဈေးကွက်ချိတ်ဆက်နည်းများကို စနစ်တကျ သင်ကြားပေးရန် လိုအပ်သည်။

**မြန်မာနိုင်ငံ၏ လက်ရှိအခြေအနေ**

လက်ရှိတွင် မြန်မာနိုင်ငံ၌ ပျားမွေးမြူရေးလုပ်ငန်းကို ကျေးလက်ဒေသများတွင် အများအားဖြင့် လုပ်ကိုင်လျက်ရှိပြီး အချို့ဒေသများတွင် ခေတ်မီနည်းစနစ်များ စတင်အသုံးပြုလာကြသော်လည်း ရိုးရာနည်းလမ်းများကို အဓိကထား အသုံးပြုနေဆဲဖြစ်သည်။

**လက်ရှိအခွင့်အလမ်းများ**

- အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ (LIFT, Tag International Development) ၏ အကူအညီဖြင့် ရှမ်းပြည်နယ်အရှေ့ပိုင်းတွင် အဆင့်မြင့်သင်တန်းများ ပို့ချပေးနိုင်ခြင်း၊
- အစ္စရေး၊ MASAHV အဖွဲ့အစည်းများ၏ နည်းပညာအကူအညီဖြင့် သင်ကြားနိုင်ခြင်း၊
- ပျားရည်နှင့် ပျားထွက်ပစ္စည်းများအပေါ် ပြည်တွင်းဝယ်လိုအား တဖြည်းဖြည်း တိုးတက်လာခြင်း၊
- သဘာဝပတ်ဝန်းကျင်ကောင်းမွန်သော ဒေသများတွင် Organic Honey ထုတ်လုပ်နိုင်ခြင်း၊
- ဒေသခံ သစ်ခေါင်းပျားမျိုးများ ရှင်သန်နေဆဲဖြစ်ခြင်း။

**လက်ရှိစိန်ခေါ်မှုများ**

- ခေတ်မီကိရိယာများ လက်လှမ်းမီမှုနည်းပါးခြင်း၊
- Varroa mite ကပ်ပါးပိုးနှင့် ပျားရောဂါများ ကျရောက်ခြင်း၊
- ပိုးသတ်ဆေးအသုံးပြုမှု များပြားခြင်း၊
- ပျားစာ အရင်းအမြစ်များ လျော့နည်းလာခြင်း၊
- ဈေးကွက်နှင့် ထုပ်ပိုးမှုစနစ် အားနည်းခြင်း၊
- သင်တန်းနှင့် နည်းပညာပံ့ပိုးမှု မလုံလောက်ခြင်း။

**အနာဂတ်အလားအလာများ**

ပျားမွေးမြူရေးလုပ်ငန်းသည် အနာဂတ်တွင် အလွန်ဖွံ့ဖြိုးတိုးတက်နိုင်သော ကဏ္ဍတစ်ရပ်ဖြစ်သည်။ ကမ္ဘာ့ဈေးကွက်တွင် အော်ဂဲနစ်ပျားရည် (Organic Honey)နှင့် သဘာဝထုတ်ကုန်များအပေါ် ဝယ်လိုအားတိုးတက်လာနေခြင်းကြောင့် မြန်မာနိုင်ငံအတွက် ပို့ကုန်လုပ်ငန်းတစ်ခုအဖြစ် ဖွံ့ဖြိုးလာနိုင်သည်။

ထို့အပြင် ပျားမွေးမြူရေးနှင့် စိုက်ပျိုးရေးကို ပေါင်းစပ်ဆောင်ရွက်ခြင်းဖြင့် သီးနှံအထွက်နှုန်း တိုးတက်လာနိုင်ပြီး ကျေးလက်ဒေသများ၏ လူမှုစီးပွားဘဝကို မြှင့်တင်ပေးနိုင်မည်ဖြစ်သည်။

အနာဂတ်တွင်–

- အော်ဂဲနစ်ပျားရည်တင်ပို့မှု (Organic Honey Export) တိုးတက်လာခြင်း၊
- ဝတ်မှုန်ကူးဝန်ဆောင်မှုလုပ်ငန်း (Polli–nation Service Industry) ဖွံ့ဖြိုးလာခြင်း၊
- တန်ဖိုးမြှင့် ပျားထွက်ပစ္စည်းများ ထုတ်လုပ်လာနိုင်ခြင်း၊
- ဒေသခံပျားမျိုးများ ထိန်းသိမ်းမွေးမြူနိုင်ခြင်း၊
- ခေတ်မီနည်းပညာနှင့် သုတေသနလုပ်ငန်းများ တိုးတက်လာခြင်းတို့ကြောင့် မြန်မာနိုင်ငံ၏ ပျားမွေးမြူရေးကဏ္ဍသည် နိုင်ငံတကာအဆင့်သို့ ရောက်ရှိလာနိုင်မည်ဖြစ်သည်။

## ဒက္ခိဏသီရိမြို့နယ်အတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှု ကွင်းဆင်းကြည့်ရှု



**နေပြည်တော် မေ ၁၇**

နေပြည်တော်ကောင်စီဝင် ဦးခင်မောင်လတ်သည် ဒက္ခိဏသီရိမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးနိုင်ဝင်းနှင့် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့က ဒက္ခိဏသီရိမြို့နယ်အတွင်း သန့်ရှင်းသာယာ လှပစေရေးအတွက် ဌာနဆိုင်ရာများစုပေါင်း၍ သန့်ရှင်းရေး ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နေပြည်တော်ကောင်စီဝင်သည် ဒက္ခိဏသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးဆောင်၍ ဌာနဆိုင်ရာများ၊ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် ဒေသခံပြည်သူများ စုပေါင်း၍ ဒက္ခိဏသီရိမြို့နယ် စုပေါင်းရုံးအတွင်းနှင့် ဌာနဆိုင်ရာရုံးပတ်လမ်းဘေး ဝဲ/ယာတစ်လျှောက်တွင် သစ်ပင်ချုံနွယ် အမှိုက်များ ဖယ်ရှားရှင်းလင်း ဆောင်ရွက်နေမှု အခြေအနေများကို ကွင်းဆင်းကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**အောင်သူရဦး(ဒက္ခိဏ)**

## ချောင်းဆုံ(အထက)ကျောင်း၌ ကျောင်းအပ်လက်ခံနိုင်ရေး ပြင်ဆင်ထားရှိ



**ချောင်းဆုံ မေ ၁၇**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်ရှိ အခြေခံပညာကျောင်းများ၌ မေ ၂၅ ရက်တွင် ကျောင်းအပ်လက်ခံနိုင်ရေး ကြိုတင်ပြင်ဆင်ထားလျက်ရှိရာ ယမန်နေ့က မွန်ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးမင်းမြင့်မောင်လေး၊ ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးမျိုးမင်းလှိုင်နှင့် သက်ဆိုင်ရာ မြို့နယ်အဆင့် တာဝန်ရှိသူများက ချောင်းဆုံ(အထက)ကျောင်း၌ ကွင်းဆင်းကြည့်ရှုပြီး ချောင်းဆုံ (အထက)ကျောင်း၌ ပြုလုပ်နေသည့် ရေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ မြို့နယ်အဆင့် သင်တန်းဆွေးနွေးပို့ချနေမှုများကို ကြည့်ရှုကာ လိုအပ်သည်များကိုသက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ကိုကျော်(ချောင်းဆုံ)**

## ထားဝယ်မြို့၌ မှိုစိုက်ပျိုးထုတ်လုပ်မှု နည်းပညာသင်တန်းဖွင့်



**ထားဝယ် မေ ၁၇**

မှိုစိုက်ပျိုးထုတ်လုပ်မှု နည်းပညာပေးသင်တန်းကို မေ ၁၅ ရက်က ထားဝယ်မြို့ တနင်္သာရီတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဖွင့်လှစ်သည်။

အခမ်းအနားတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးအောင်ကျော်ကျော်ဦးက မိမိဒေသအတွက် အလုပ်အကိုင် အခွင့်အလမ်းများသာမက ဒေသအကျိုး၊ နိုင်ငံတော်အကျိုးကို ရည်ရွယ်၍ သင်တန်းဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ပြောကြားပြီး တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက ကောက်ရိုးမှို၊ ငွေနှင်းမှိုနှင့် ကြွက်နားရွက်မှို စိုက်ပျိုး ထုတ်လုပ်နည်းနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားသည်။

သင်တန်းသို့ တိုင်းဒေသကြီးအတွင်းရှိ ခရိုင်၊ မြို့နယ်များမှ ခရိုင်/မြို့နယ် ဦးစီးမှူးများနှင့် ဝန်ထမ်းများ၊ တောင်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## မော်လမြိုင်မြို့၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ဆောင်ရွက်ပေး

**မော်လမြိုင် မေ ၁၇**

မွန်ပြည်နယ် မော်လမြိုင်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးမှူးရုံးမှ ဝန်ထမ်းများက ရက် (၁၀၀) စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များကို မေ ၁၅ ရက်က မြို့နယ်ဦးစီးမှူးရုံး၌ ဆောင်ရွက်ပေးသည်။



ထိုသို့ဆောင်ရွက်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက မှတ်ပုံတင်အသစ်ပြုလုပ်ပေးခြင်း၊ အသက်(၁၈)နှစ်ပြည့် မှတ်ပုံတင်လဲလှယ်ခြင်းနှင့် ဇီဝဆိုင်ရာအချက်အလက် ကောက်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို ပြည်နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးအောင်ခိုင်ဆွေနှင့် တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးသည်။ **ခင်စန်းမြင့်(ပြန်/ဆက်)**

## ပွင့်ဖြူမြို့နယ်၌ မျိုးစေ့နှင့် ဓာတ်မြေဩဇာများ ပေးအပ်

**ပွင့်ဖြူ မေ ၁၇**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ရက်(၁၀၀)အတွင်း မိုးရာသီစံပြကွက်၊ စမ်းသပ်ကွက်နှင့် မျိုးစေ့ထုတ်တောင်သူများအား မျိုးစေ့၊ ဓာတ်မြေဩဇာနှင့် ပံ့ပိုးပစ္စည်းများ ပေးအပ်ပွဲကို ယမန်နေ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး ဗိုလ်ဥတ္တမခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလင်းလင်းအောင်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်နှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေတို့က သီးနှံမျိုးစေ့၊ ဓာတ်မြေဩဇာနှင့် ပံ့ပိုးပစ္စည်းများ ပေးအပ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။



ထို့နောက် ကျေးရွာအုပ်စု ၁၅ အုပ်စုမှ စံပြကွက်၊ စမ်းသပ်ကွက်နှင့် မျိုးသန့်မျိုးစေ့ထုတ် စိုက်ပျိုးမည့် တောင်သူ ၁၁၉ ဦးတို့အား မျိုးစေ့၊ ဓာတ်မြေဩဇာနှင့် ပံ့ပိုးပစ္စည်းများကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

**လျှပ်စစ်ကိုချွေတာသုံးစွဲခြင်းဖြင့် မီတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ။**



## ကော့သောင်းမြို့၌ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ပန်းချီပြိုင်ပွဲကျင်းပ

**ကော့သောင်း မေ ၁၇**

၂၀၂၆ ခုနှစ် ဇွန်လ ၂၆ ရက်နေ့တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ်အဖြစ် ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲကို ကော့သောင်းမြို့ အခြေခံပညာအထက်တန်းကျောင်းခွဲ အမှတ်(၂) အခြေခံပညာအလယ်တန်းကျောင်းတွင် ယနေ့နံနက်ပိုင်းက ကျင်းပရာ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူ ၃၆ ဦး ပါဝင်ယှဉ်ပြိုင်ကြသည်။

အဆိုပါ ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲ ယှဉ်ပြိုင်နေမှုများကို ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု ၃၄ (ကော့သောင်း)မှ တပ်ဖွဲ့စုမှူး ရဲမှူး နိုင်နိုင်ဦး၊ ခရိုင်ပညာရေးမှူးနှင့် တာဝန်ရှိသူများ လိုက်လံကြည့်ရှုခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



## တာချီလိတ်မြို့၌ လူရည်ချွန်မောင်မယ်များအား ဂုဏ်ပြုကြိုဆို

**တာချီလိတ် မေ ၁၇**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင်မှ လူရည်ချွန် အပန်းဖြေစခန်းများမှ ပြန်လည် ရောက်ရှိလာသည့် လူရည်ချွန်မောင်မယ် ကျောင်းသားကျောင်းသူများအား မေ ၁၅ ရက်က ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးသက်ဦးဆွေနှင့် ဌာနဆိုင်ရာများ၊ ခရိုင်/မြို့နယ် ပညာရေးမှူးများ၊ ကျောင်းအုပ်များနှင့် ဆရာ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့များနှင့် မိဘပြည်သူများက နွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကာ ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ပြီး ဂုဏ်ပြုပန်းကုံး၊ ပန်းစည်းများ၊ ဘင်ခရာအဖွဲ့ဖြင့် မကာဟိုခမ်းရပ်ကွက်ရှိ အခြေခံပညာအထက်တန်းကျောင်း (တာချီလိတ်)တွင် ကြိုဆိုခဲ့ကြသည်။

**ကျော်ဇေယျာလင်း(ပြန်/ဆက်)**



## တောင်ငူမြို့၌ အခွန်ပညာပေး ဟောပြောပွဲကျင်းပ

**တောင်ငူ မေ ၁၇**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ The City Gift shop (3D ရုပ်ရှင်ရုံ)၌ တောင်ငူခရိုင်အိမ်ခြံမြေအကျိုးဆောင်နှင့် အဖိုးတန်သတ္တုရောင်းဝယ်သူများ ကြီးကြပ်ရေးအာဏာပိုင်အဖွဲ့နှင့် ပူးပေါင်း၍ အခွန်အသိပညာပေးဆွေးနွေးပွဲကို ယမန်နေ့မွန်းလွဲပိုင်းက ကျင်းပသည်။

အဆိုပါအသိပညာပေးပွဲတွင် တောင်ငူခရိုင်အတွင်းရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဟိုတယ်၊ တည်းခိုခန်း၊ စားသောက်ဆိုင်နှင့် ရွှေလုပ်ငန်းရှင်များ၊ အိမ်ခြံမြေအကျိုးဆောင်နှင့် အဖိုးတန်သတ္တုရောင်းဝယ်သူလုပ်ငန်းရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ကုမ္ပဏီလုပ်ငန်းရှင်များ စုစုပေါင်း ၃၀၀ ခန့်အား တောင်ငူမြို့နယ် ပြည်တွင်းအခွန်ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဆွေဆွေမြင့်က အခွန်ဆိုင်ရာသိကောင်းစရာများကို ဟောပြောဆွေးနွေးသည်။ **ဇော်ကိုကို(တောင်ငူ)**

# ကွန်ဂိုနှင့် ယူဂန်ဒါတို့တွင် အီဘိုလာကူးစက်မှုအပေါ် WHO က ကမ္ဘာလုံးဆိုင်ရာ စိုးရိမ်ဖွယ်အရေးပေါ်အခြေအနေအဖြစ် ကြေညာ

ဂျီနီဗာ မေ ၁၇

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) သည် ကွန်ဂိုနှင့် ယူဂန်ဒါနိုင်ငံတို့တွင် အီဘိုလာရောဂါ ကူးစက်ဖြစ်ပွားမှုကို နိုင်ငံတကာစိုးရိမ်ဖွယ်ရာ ပြည်သူ့ကျန်းမာရေးဆိုင်ရာ အရေးပေါ်အခြေအနေအဖြစ် ထုတ်ပြန်ကြေညာလိုက်ကြောင်း သိရသည်။

ကွန်ဂိုနိုင်ငံ အရှေ့မြောက်ပိုင်း အီတူရီပြည်နယ်တွင် အီဘိုလာရောဂါ ကူးစက်ဖြစ်ပွားကြောင်း အတည်ပြုပြီးနောက် မေ ၁၇ ရက်တွင် ယင်းကြေညာချက် ထွက်ပေါ်လာခြင်းဖြစ်သည်။ အာဖရိကသမဂ္ဂ၏ ပြည်သူ့ကျန်းမာရေးဆိုင်ရာအေဂျင်စီက အီဘိုလာရောဂါဖြစ်ပွားမှုနှင့် ဆက်နွယ်သည့် သံသယဖြစ်ဖွယ်သေဆုံးသူ ၈၇ ဦးရှိကြောင်း ထုတ်ပြန်ထားသည်။

ကွန်ဂိုနိုင်ငံမှ ယူဂန်ဒါနိုင်ငံသို့ ခရီးသွားလာသူများအနက် နှစ်ဦးတွင် ရောဂါကူးစက်ခံထားရသည်ဟု အစီရင်ခံစာရရှိထားကြောင်း၊ ထို့ပြင် ကနဦးရရှိထားသော နမူနာများတွင် ရောဂါပိုးတွေ့ရှိမှုနှုန်း မြင့်မားနေသဖြင့် လက်ရှိစစ်ဆေးတွေ့ရှိထားသည့် အခြေအနေထက် ရောဂါကူးစက်ပျံ့နှံ့မှု ပိုမိုကျယ်ပြန့်နိုင်ကြောင်း၊ ဒေသတွင်းနှင့် အနီးပတ်ဝန်းကျင်နိုင်ငံများအထိ ကူးစက်ပျံ့နှံ့နိုင်သည့်အန္တရာယ်မြင့်မားနေကြောင်း WHO က ပြောကြားသည်။

သို့သော် အီဘိုလာရောဂါကူးစက်ဖြစ်ပွားမှုမှာ ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါအသွင် ဖြစ်ပွားမည့် စံနှုန်းသတ်မှတ်ချက်များနှင့် ကိုက်ညီမှု မရှိသေးကြောင်း WHO က ဆက်လက်ပြောကြားသည်။ အီဘိုလာရောဂါ ကူးစက်ပျံ့နှံ့မှုအတိုင်းအတာကို သိရှိနိုင်ရေးနှင့် ရောဂါတိုက်ဖျက်ရေး ကြိုးပမ်းအားထုတ်မှုများကို ညှိနှိုင်းဆောင်ရွက်နိုင်ရေးတို့အတွက် နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် ပူးပေါင်းဆောင်ရွက်ကြရန် WHO က တိုက်တွန်းထားသည်။

ကွန်ဂိုနိုင်ငံတွင် ၂၀၁၈ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ အီဘိုလာရောဂါ ကူးစက်ဖြစ်ပွားခဲ့စဉ်ကလည်း WHO က နိုင်ငံတကာစိုးရိမ်ဖွယ်ရာ ပြည်သူ့ကျန်းမာရေးဆိုင်ရာ အရေးပေါ်အခြေအနေအဖြစ် ထုတ်ပြန်ကြေညာခဲ့သည်။ **အင်န်အိတ်ချ်ကေ**



# တောင်အာဖရိကၥ ပြင်းထန်ရာသီဥတုကြောင့် ၁၈ ဦး သေဆုံး

ကိတ်ပ်တောင်း မေ ၁၇

မေလအစောပိုင်းမှ စတင်၍ တောင်အာဖရိက နိုင်ငံတစ်ဝန်းရှိ ပြည်နယ်အများအပြားတွင် ပြင်းထန်သော ရာသီဥတုအခြေအနေများ ဖြစ်ပေါ်ခဲ့သဖြင့် လူ ၁၈ ဦး သေဆုံးခဲ့ကြောင်း သိရသည်။

အဆိုပါ သေဆုံးမှုများကို ပူးပေါင်းဆောင်ရွက်ရေးနှင့် ရိုးရာဓလေ့ကိစ္စရပ်များဆိုင်ရာဌာနက အတည်ပြုခဲ့ပြီး သေဆုံးသူအများစုမှာ အနောက်ပိုင်းကိတ်ပ် ပြည်နယ်မှဖြစ်ကြောင်း သိရသည်။

အနောက်ပိုင်း ကိတ်ပ်ပြည်နယ်တွင် ရာသီဥတုနှင့်ဆက်စပ်သည့် သေဆုံးသူ ၁၁ ဦးရှိပြီး သုံးဦးမှာ မြောက်ပိုင်းကိတ်ပ်ပြည်နယ်မှဖြစ်ကြောင်း ပူးပေါင်းဆောင်ရွက်ရေးနှင့် ရိုးရာဓလေ့ကိစ္စရပ်များဆိုင်ရာဌာန၏ ပြောရေးဆိုခွင့်ရှိသူ မာဆီကိုဘက်ကိုစ်က မေ ၁၆ ရက်တွင် ပြောကြားသည်။

သဘာဝဘေးစီမံခန့်ခွဲမှုအဖွဲ့များနှင့် ကယ်ဆယ်ရေးအဖွဲ့များသည် မြေပြင်ကယ်ဆယ်ရေးလုပ်ငန်းများနှင့် အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းများ အတွက် ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

မေလ ၄ ရက်မှစတင်ကာ မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ ရေကြီးခြင်းနှင့် လေပြင်းတိုက်ခတ်ခြင်းတို့ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ပြီး အရေးပါသော ဝန်ဆောင်မှု လုပ်ငန်းများတွင် အဟန့်အတားများ ဖြစ်ပေါ်စေခဲ့သည်။

ယင်းနောက် အစိုးရက ပြည်နယ်ခြောက်ခုတွင် ပြင်းထန်သော ရာသီဥတုအခြေအနေများ ကျရောက်နေသဖြင့် နိုင်ငံတော်အဆင့် သဘာဝဘေးအန္တရာယ်အဖြစ် ကြေညာခဲ့သည်။ မေ ၁၅ ရက်တွင် ကိတ်ပ်တောင်းမြို့ရှိ လူဦးရေ ၁၀၃၃၅၀ ခန့်မှာ ပြင်းထန်သည့် ရာသီဥတုဒဏ်ကို ခံစားခဲ့ရကြောင်း အာဏာပိုင်များက ပြောကြားသည်။ အချို့ဒေသများတွင် သောက်သုံးရေ၊ လျှပ်စစ်မီးနှင့် အမိုးအကာရရှိရေးဆိုင်ရာ အခက်အခဲများကို ဆက်လက်ရင်ဆိုင်နေရကြောင်းလည်း သိရသည်။ **ဆင်ဟွာ**



အနောက်ပိုင်းကိတ်ပ်ပြည်နယ်တွင် မေ ၉ ရက်က မြေပြိုမှုကြောင့် လမ်းပိတ်ဆို့နေသည်ကို တွေ့ရစဉ်။

# ငြိမ်းချမ်းရေးဆွေးနွေးပွဲ ပြန်လည်စတင်နိုင်ရေး ပါကစ္စတန်ပြည်ထဲရေးဝန်ကြီး အီရန်သို့ ရောက်ရှိ

တီဟီရန် မေ ၁၇

ပါကစ္စတန်ပြည်ထဲရေးဝန်ကြီး မိုဆင်နာဗီသည် ပဋိပက္ခများ အဆုံးသတ်ရေးအတွက် အမေရိကန်နှင့် အီရန်နိုင်ငံတို့အကြား တွေ့ဆုံဆွေးနွေးမှုများ ပြန်လည်စတင်နိုင်ရေး ဆွေးနွေးရန်အတွက် အီရန်နိုင်ငံသို့ ရောက်ရှိလာကြောင်း သိရသည်။

၎င်းသည် အီရန်ပြည်ထဲရေးဝန်ကြီး အက်စ်ကန်ဒါ မိုမေနီနှင့် မေ ၁၆ ရက်တွင် တွေ့ဆုံဆွေးနွေးမှုများပြုလုပ်ခဲ့သည်။ မိုဆင်နာဗီ၏ ယခုခရီးစဉ်မှာ တွေ့ဆုံဆွေးနွေးမှုများ လွယ်ကူချောမွေ့စေရန်နှင့် ဒေသတွင်း ငြိမ်းချမ်းရေးမြှင့်တင်ဖော်ဆောင်ရန် ပါကစ္စတန်နိုင်ငံ၏ ကြိုးပမ်းမှုတစ်စိတ်တစ်ပိုင်းဖြစ်ကြောင်း အီရန်မီဒီယာများတွင် ဖော်ပြထားသည်။

အမေရိကန်နှင့် ငြိမ်းချမ်းရေးညှိနှိုင်းဆွေးနွေးမှုများ ပြန်လည်စတင်နိုင်ရေး အလားအလာများနှင့်ပတ်သက်၍ အသေးစိတ်ဆွေးနွေးခဲ့ကြောင်းလည်း ဖော်ပြထားသည်။ **အင်န်အိတ်ချ်ကေ**

# အင်ဒိုနီးရှားနိုင်ငံၥ ဒူကိုနိုမီးတောင် ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး တောင်ထိပ်အထက် မီတာ ၅၀၀၀ အထိ ပြာများလွင့်စဉ်

ဂျကာတာ မေ ၁၇

အင်ဒိုနီးရှားနိုင်ငံမြောက်ပိုင်း မာလူကူပြည်နယ်ရှိ ဒူကိုနိုမီးတောင်သည် မေ ၁၇ ရက်တွင် ပေါက်ကွဲမှုဖြစ်ပွားခဲ့သဖြင့် မီးတောင်ပြာများမှာ တောင်ထိပ်အထက် မီတာ ၅၀၀၀ အထိ လွင့်စဉ်သွားကြောင်း နိုင်ငံ၏ မီးတောင်ဗေဒနှင့် ဘူမိဗေဒဆိုင်ရာ ဘေးအန္တရာယ်လျော့ပါးရေးစင်တာက ပြောကြားသည်။

အမြင့် ၁၀၈၇ မီတာရှိသည့် အဆိုပါမီးတောင်သည် လက်ရှိတွင် ဒုတိယအမြင့်ဆုံး သတိပေးချက်အဆင့်၌ရှိနေကြောင်း သိရသည်။ အာဏာပိုင်များက မီးတောင်ထိပ်ဝ၏ ၄ ကီလိုမီတာအချင်းဝက်အတွင်း သွားလာလှုပ်ရှားမှုများကို ရှောင်ကြဉ်ရန်နှင့် မီးတောင်ပြာများကြောင့် ဖြစ်ပေါ်နိုင်သည့် အသက်ရှူလမ်းကြောင်းဆိုင်ရာ အန္တရာယ်များ လျော့နည်းစေရေး မျက်နှာဖုံးများ အသင့်ပြင်ဆင်ထားကြရန် ဒေသခံများနှင့် ခရီးသွားများအား တိုက်တွန်းထားသည်။ **ဆင်ဟွာ**



# စင်ကာပူနိုင်ငံၥ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှု ယမန်နှစ်ထက် ၆၆ ရာခိုင်နှုန်း လျော့နည်း

စင်ကာပူ မေ ၁၇

စင်ကာပူနိုင်ငံ၌ မေ ၁၅ ရက်အထိ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူ ၆၀၀ ကျော်ရှိပြီး အဆိုပါအရေအတွက်မှာ ယမန်နှစ်အလားတူကာလနှင့်နှိုင်းယှဉ်ပါက ၆၆ ရာခိုင်နှုန်း လျော့နည်းသွားကြောင်း စင်ကာပူအမျိုးသားသဘာဝပတ်ဝန်းကျင်အေဂျင်စီ (NEA) က မေ ၁၆ ရက်တွင် ဖော်ပြထားသည်။

စင်ကာပူနိုင်ငံ၌ ၂၀၂၅ ခုနှစ်အတွင်း သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူ ၄၀၀၀ ကျော်ရှိခဲ့ပြီး ၂၀၂၄ ခုနှစ်က ဖြစ်ပွားသူ ၁၃၆၅၁ ဦးနှင့် နှိုင်းယှဉ်ပါက ၇၀ ရာခိုင်နှုန်း လျော့နည်းသွားကြောင်း ထုတ်ပြန်ချက်အရ သိရသည်။

စင်ကာပူနိုင်ငံ၌ မေလမှ အောက်တိုဘာလအထိမှာ သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားမှုအမြင့်ဆုံးရာသီဖြစ်သဖြင့် စင်ကာပူအမျိုးသား သဘာဝပတ်ဝန်းကျင်အေဂျင်စီက "အမျိုးသားသွေးလွန်တုပ်ကွေးကာကွယ်ရေး လှုပ်ရှားမှု ၂၀၂၆" ကို စတင်ဆောင်ရွက်နေကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ **ဆင်ဟွာ**

# လူဦးရေတိုးပွားရေးအတွက် ကလေးမွေးဖွားမှုမြင့်မားစေရန် အိန္ဒိယတောင်ပိုင်းအကြီးအကဲ တိုက်တွန်း

နယူးဒေလီ မေ ၁၇

အိန္ဒိယနိုင်ငံတောင်ပိုင်းရှိ အန်ဒရာပရာဒေ့ရှ်ပြည်နယ်တွင် ကလေးမွေးဖွားမှုနှုန်း ပိုမိုမြင့်မားလာစေရန် ပြည်နယ်ဝန်ကြီးချုပ် ချန်ဒရာဘာဘူ နိုင်ဒူက ပြည်သူများအား မေ ၁၆ ရက်တွင် တိုက်တွန်းပြောကြားခဲ့သည်။

လွန်ခဲ့သည့် နှစ်များအတွင်း ကလေးမွေးဖွားမှုနှုန်း ကျဆင်းလာပြီး လူဦးရေလျော့နည်းလာသည့်အတွက် ယခုကဲ့သို့ မေတ္တာရပ်ခံခဲ့ခြင်းဖြစ်သည်။ ပြည်နယ်အတွင်း တတိယနှင့် စတုတ္ထမြောက် ကလေးမွေးဖွားသည့် စုံတွဲများကို အိန္ဒိယရူပီး ၃၀၀၀၀ မှ ၄၀၀၀၀ အထိ ဘဏ္ဍာရေးအထောက်အပံ့ပေးမည် ဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

ငွေကြေး ထောက်ပံ့မှုနှင့် ပတ်သက်သည့် အသေးစိတ် အချက်အလက်များကို မကြာမီ ထုတ်ပြန် ကြေညာသွားမည်ဟုလည်း ကတိပြုပြောကြားခဲ့ပြီး လူဦးရေ လျော့နည်းလာ၍ အသက်အရွယ်ကြီးသူ များပြားသည့် လူမှုအသိုက်အဝန်းသည် စီးပွားရေးအပေါ် ဆိုးကျိုးသက်ရောက်မှုများ ဖြစ်ပေါ်စေနိုင်ကြောင်း ၎င်းက ပြောကြားခဲ့သည်။ **ဆင်ဟွာ**

## တရားရုံး စေ့စပ်ဖြေရှင်းရေးစနစ်အောင်မြင်ရေး ရှင်းလင်းဆွေးနွေး



**ထားဝယ် မေ ၁၇**

တရားရုံးက ဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးစနစ် အောင်မြင်ရေး ရှင်းလင်းဆွေးနွေးပွဲကို မေ ၁၆ ရက်က ထားဝယ်မြို့ တနင်္သာရီတိုင်းဒေသကြီး တရားလွှတ်တော် အစည်းအဝေးခန်းမ၌ Hybrid System ဖြင့် ကျင်းပရာ တနင်္သာရီတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ပိုက်ပိုက်အေးက အမှာစကား ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး တရားရေးဦးစီးမှူးက စေ့စပ်ဖြေရှင်းရေးစနစ် စတင်အကောင်အထည်ဖော်ခဲ့သည့် အကြောင်းအရာများနှင့် ဒုတိယညွှန်ကြားရေးမှူး စေ့စပ်ဖြေရှင်းရေးအရာရှိက စေ့စပ်ဖြေရှင်းရေးဌာနမှ ဆောင်ရွက်သည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပြီး မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော် စေ့စပ်ဖြေရှင်းရေးဌာန၏ စေ့စပ်ဖြေရှင်းရေးဆိုင်ရာ ပညာပေး ဗာတ်လမ်းတိုကို ပြသသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**



## ဓနုဖြူမြို့နယ်၌ မီးဘေးသင့်ဈေးသည်များအား အလှူငွေလှူဒါန်း

**ဓနုဖြူ မေ ၁၇**

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်၌ မြို့မဈေးမီးဘေးသင့်ဈေးသည်များအား အလှူငွေလှူဒါန်းထောက်ပံ့ပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ လုပ်ငန်းရှင်များက အလှူငွေကျပ် ၃၀၉ သိန်း လှူဒါန်းခဲ့ရာ မီးဘေးသင့်ဈေးသည်များအား တစ်ဦးချင်း ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)**

## မော်လမြိုင်မြို့၌ ရက်(၁၀၀)စီမံချက်ဖြင့် ကျေးရွာမြေငှားဂရန် ထုတ်ပေးနိုင်ရေး ကွင်းဆင်းစစ်ဆေး



**မော်လမြိုင် မေ ၁၇**

မွန်ပြည်နယ် မော်လမြိုင်မြို့ ကော့ခနိကျေးရွာ၌ ရက်(၁၀၀)စီမံချက်ဖြင့် ကျေးရွာမြေငှားဂရန် ထုတ်ပေးနိုင်ရေးအတွက် မေ ၁၃ ရက်က ပြည်သူများနှင့် တွေ့ဆုံရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းဝေနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဝင်းနိုင်တို့က ကျေးရွာမြေ ၁၇ ဒသမ ၆၅ ဧကအား ကျေးရွာမြေငှားဂရန် ထုတ်ပေးနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားပြီး မြေငှားဂရန်ဆောင်ရွက်မည့် မြေနေရာများကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**ခင်စန်းမြင့်(ပြန်/ဆက်)**



## လောင်းလုံးမြို့နယ်၌ သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်ကာကွယ်ရေး အသိပညာပေးနှိုးဆော်

**လောင်းလုံး မေ ၁၇**

တနင်္သာရီတိုင်းဒေသကြီး လောင်းလုံးမြို့နယ်အတွင်း မိုးကြိုကာလ၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြေပြိုခြင်း၊ ရေကြီး၊ ရေလျှံခြင်းများ ဖြစ်ပွားနိုင်သဖြင့် ပြည်သူများအား အထူးသတိပြုနေထိုင်ရန် ရည်ရွယ်၍ မေ ၁၇ ရက်က မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်အောင်ဦးနှင့် တပ်ဖွဲ့ဝင်များက သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်ကာကွယ်ရေး အသိပညာပေးနှိုးဆော်ခြင်းကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သိန်းသိန်း(လောင်းလုံး)**

## ကော့သောင်းမြို့၌ ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေး သင်တန်းဖွင့်



**ကော့သောင်း မေ ၁၇**

တနင်္သာရီတိုင်းဒေသကြီ ကော့သောင်းမြို့နယ်၌ ၂၀၂၆-၂၀၂၇ ပညာသင်နှစ် KG၊ G-1 သင်ပြနည်းစနစ်နှင့် မူကြိုသင်ပြနည်းစနစ် ချိတ်ဆက်ဆောင်ရွက်နိုင်ရေးအတွက် ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ မြို့နယ်အဆင့်ဆွေးနွေးပွဲ သင်တန်းဖွင့်ပွဲကို ယမန်နေ့က အခြေခံပညာအထက်တန်းကျောင်း(ခွဲ) အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ ကျင်းပရာ ခရိုင်ပညာရေးမှူး ဆရာမကြီး ဒေါ်ဝင်းမာနှင့် မြို့နယ်ပညာရေးမှူး ဆရာမကြီး ဒေါ်ချိုချိုငြိမ်းတို့က အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းကို သင်တန်းသား သင်တန်းသူ ဆရာ ဆရာမ ၁၅၀ တို့အား မေ ၁၄ ရက်မှ ၂၄ ရက်အထိ (၁၀)ရက်တာ စာတွေ့/လက်တွေ့ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## အသက်(၁၈)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပ



**ကန့်ဘလူ မေ ၁၇**

ကန့်ဘလူမြို့ မေ ၁၄ ရက်က ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဖလား အသက်(၁၈)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့် ပေးအပ်ပွဲ ကျင်းပရာ ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲတွင် ကန့်ဘလူမြို့နယ် ဘောလုံးအသင်းနှင့် ကျွန်းလှမြို့နယ် ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားရာ ကန့်ဘလူမြို့နယ် ဘောလုံးအသင်းက လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရဗိုလ်စွဲခဲ့သည်။

ဆက်လက်၍ ဆုပေးပွဲကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကိုကိုလှိုင်က ပထမဆုရ ကန့်ဘလူမြို့နယ် ဘောလုံးအသင်းအား တံခွန်စိုက်ဒိုင်း ဆုချီးမြှင့်ပေးအပ်ပြီး တာဝန်ရှိသူများက နေရာအလိုက်အကောင်းဆုံးဆုရ ကစားသမားများ၊ ပထမဆုနှင့် ဒုတိယဆုရ အသင်းများအား တစ်ဦးချင်း ဆုတံဆိပ်များ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။ **အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရအရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG,CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

## ဟင်္သာတမြို့နယ်၌ အဆင့်မြင့်အပ်ချုပ်စက်သင်တန်း ဖွင့်လှစ်သင်ကြားနေမှုစစ်ဆေး



**ဟင်္သာတ မေ ၁၇**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ရက် (၁၀၀) စီမံချက်ဖြင့် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အဆင့်မြင့် အပ်ချုပ်စက်သင်တန်း ဖွင့်လှစ်သင်ကြားနေမှုကို မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဆွေဆွေဝင်းနှင့် ဝန်ထမ်းများက ယနေ့နံနက်ပိုင်းတွင် ကွင်းဆင်းစစ်ဆေးသည်။

အဆင့်မြင့် အပ်ချုပ်စက်သင်တန်းကို ဟင်္သာတမြို့နယ်နှင့် အနီးပတ်ဝန်းကျင် ကျေးရွာများမှ သင်တန်းသူ ၂၀ တက်ရောက်ပြီး ကျွမ်းကျင်နည်းပြ ဆရာမများက မေ ၄ ရက်မှ ဇွန် ၁၇ ရက်အထိ ၄၅ ရက်ကြာ စာတွေ့ လက်တွေ့ အခမဲ့ သင်ကြားပေးခြင်းဖြစ်ကြောင်း သိရသည်။ **ဇင်မာ**

စာဖတ်ပရိသတ်အပေါင်း မင်္ဂလာပါ။ ဒီတစ်ပတ်မှာတော့ အင်္ဂလိပ်စာလေ့လာရာမှာအခြေခံအကျဆုံးဖြစ်တဲ့ The Eight Parts of Speech (ဝါစင်္ဂရှစ်မျိုး) အကြောင်း အကျယ်တဝင့် ရှင်းလင်းဖော်ပြတဲ့နေရာမှာ Demonstrative Pronoun (ညွှန်ပြနာမ်စား) အကြောင်းဖော်ပြပေးသွားမှာဖြစ်ပါတယ်။ ဒါ့အပြင် စကားပြောခန်းမှာလည်း How to talk about orders – II (အမိန့်ပေး၊ ညွှန်ကြား၊ ခိုင်းစေတာတွေကို ဘယ်လိုပြောမလဲ။) ကို ဆက်လက်ပြီး ထင်းခနဲ လင်းခနဲနဲ့ မှတ်မိလွယ်အောင် ရှင်းလင်းချက်များ၊ နမူနာဝါကျများ၊ စကားပြောများနဲ့ ဝေဝေဆာဆာဖော်ပြပေးသွားမှာဖြစ်ပါတယ်။ Vocabulary Enrichment Programme (ဝေါဟာရပဒေသာအစီအစဉ်) အပိုင်းမှာလည်း နေ့စဉ်သုံး အီဒီယမ်တွေကို အဓိပ္ပာယ်ရှင်းလင်းချက်များနဲ့သာမက နမူနာဝါကျများနဲ့ပါ ဖော်ပြပေးထားပါတယ်။ ပျော်ရွှင်လေ့လာအင်္ဂလိပ်စာကဏ္ဍကို ဖတ်မှတ်လေ့လာခြင်းအားဖြင့် အင်္ဂလိပ်စာ ဗဟုသုတများတိုးပွားလာမယ်လို့ ယုံကြည်မိပါတယ်။ စဉ်ဆက်မပြတ်လေ့လာဖတ်ရှုကြဖို့ ဒီကဏ္ဍကနေ တိုက်တွန်းလိုက်ပါတယ်။ စာဖတ်ပရိသတ်အပေါင်း ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ။

## GRAMMAR

### Basic to Intermediate

**Exercise (1) မှအဖြေများ**

1. She, it, her
2. his, They, their, their
3. them
4. he, me
5. their, they
6. He, it
7. it
8. her
9. them
10. they

**Exercise (2) မှအဖြေများ**

1. himself
2. himself
3. themselves
4. yourself
5. herself
6. ourselves
7. himself
8. herself
9. itself
10. themselves

**Demonstrative Pronouns (ညွှန်ပြနာမ်စား)**

ရုပ်ပိုင်းဆိုင်ရာ ဝတ္ထုပစ္စည်း သို့မဟုတ် မည်သူမည်ဝါဖြစ်ကြောင်း ခွဲခြားဖော်ပြရာတွင် အသုံးပြုသော နာမ်စားကို ညွှန်ပြနာမ်စား (Demonstrative Pronouns) ဟုခေါ်သည်။ This, That, These, Those, Such တို့သည် ညွှန်ပြ နာမ်စားများဖြစ်ကြသည်။ ဥပမာ–

– This is my pencil.
– That is my father's car.
– These are my books.
– Those are their houses.
– I have explained everything. Such is my opinion.

**Table of Demonstrative Pronoun**

| Demonstrative Pronouns | နီး | ဝေး |
|---|---|---|
| နည်း | This | That |
| များ | These | Those |

အနီးအနားတွင်ရှိသော အရာဝတ္ထုသို့မဟုတ် အရာဝတ္ထုများကို ညွှန်ပြပြောဆိုသည့်အခါတွင် "this" နှင့် "these" ကို သုံးသည်။ အနီးမှာလည်း ရှိတယ်။ အနည်းကိုလည်း ဖော်ပြချင်ရင် "this" ကိုသုံးသည်။ အနီးမှာလည်းရှိတယ်။ အများကိုလည်းဖော်ပြချင်ရင် "these" ကို သုံးသည်။ အဝေးတွင်ရှိသော အရာဝတ္ထု သို့မဟုတ် အရာဝတ္ထုများကို ညွှန်ပြပြောဆိုသည့်အခါတွင် "that" နှင့် "those" ကို သုံးသည်။ အဝေးမှာလည်းရှိတယ်။ အနည်းကိုလည်းဖော်ပြချင်ရင် "that" ကို သုံးသည်။ အဝေးမှာလည်း ရှိတယ်။ အများကိုလည်း ဖော်ပြချင်ရင် "those" ကို သုံးသည်။ ဖော်ပြပါ this, that, these, those, such တို့ကို နာမ်စား အနေဖြင့်သုံးသော် ၎င်းတို့၏နောက်တွင် နာမ် (noun) မထည့်ရပါ။

– This racket is mine; that racket is yours. (Adjective ကဲ့သို့ သုံးသည်)
– This is my racket; that is yours. (Pronoun ကဲ့သို့ သုံးသည်)

**Exercise (1) Choose the correct word. Then write out each sentence.**

1. (That, This) is my new dress I am wearing.
2. (Those, These) are my father's tools on the shelf up there.
3. (This, These) is the bus I usually take to school.
4. (That, This) is my mother on the other side of the road.
5. (These, Those) are my books over here.
6. (That, This) is my uncle sleeping upstairs.
7. Please help me. (Those, These) are heavy books.
8. (This, These) are your shirts over there.
9. (That, This) is the postman ringing the doorbell.
10. (These, Those) are your clothes hanging outside.

**Exercise (2) Fill in the blanks with the correct demonstrative pronouns.**

1. ………. is my mother's vase in the attic.
2. ………. is my aunt sitting beside me.
3. ………. are Bob's keys in my hand.
4. ………. is my Maths tutor downstairs.
5. ………. are my shoes you are wearing.
6. ………. is the house my uncle bought. Let's walk over to have a closer look.
7. ………. are the cars that were stolen on the other side of the road.
8. ………. are your presents over there.
9. ………. is my mother's brooch I am wearing.
10. ………. is Billy's stamp collection on the shelf. Can you reach it?

## VOCABULARY ENRICHMENT PROGRAMME

1. **actions speak louder than words = (စကားထက် အလုပ်က ပိုအရေးကြီးတယ်)**
   **He promised to help, but actions speak louder than words.**
   သူက ကူညီဖို့ ကတိပေးခဲ့တယ်။ ဒါပေမယ့် အပြောထက် အလုပ်က ပိုအရေးကြီးပါတယ်။
2. **as cool as a cucumber = (အေးဆေးတည်ငြိမ်သော)**
   **She stayed as cool as a cucumber during the interview.**
   တွေ့ဆုံမေးမြန်းနေချိန်အတွင်းမှာ သူက အေးဆေးတည်ငြိမ်နေတယ်။
3. **a dime a dozen = (အလွန်များပြီး သာမန်ဖြစ်သောအရာ)**
   **Cheap souvenirs are a dime a dozen here.**
   ဈေးပေါတဲ့လက်ဆောင်တွေက အလွန်ပေါပြီး သာမန်ပါပဲ။

*(ဒီတစ်ပတ်တော့ ဒီလောက်ပါပဲ။*
*နောက်တစ်ပတ်မှာ ပြန်လည်ဆုံတွေ့ကြပါစို့)*

## CONVERSATION



### Shortest way to talk about orders – II (အမိန့်ပေး၊ ညွှန်ကြား၊ ခိုင်းစေတာတွေကို ဘယ်လိုပြောမလဲ။)

***do + imperative***
***I'd like you to …***
***What I'd like you to do is to …***
***You must …***

၁။ Imperative ရှေ့မှာ do ထည့်ပြီး ပြောပါက အမိန့်ပေးညွှန်ကြားမှုဟာ တောင်းဆိုတဲ့ပုံစံလိုမျိုး ပိုပြီးယဉ်ကျေးပါတယ်။ ဥပမာ–

– Do knock before you go into the room!
– Do remember to lock the door!
– Do close the door on your way out.
– Do look after Jim for me.

၂။ နောက်တစ်ခါ အမိန့်ပေးတဲ့ပုံစံ သို့မဟုတ် အမိန့်ပေးညွှန်ကြားသကဲ့သို့ ပိုပြီးယဉ်ကျေးစေချင်တဲ့အခါမှာ ဒီလိုမျိုး I'd like you to … ဆိုပြီး သုံးနိုင်ပါတယ်။ တစ်ခါတစ်ရံမှ please ကို ဝါကျနောက်မှာ ထပ်ထည့်ပြီး သုံးနိုင်ပါတယ်။ ဆိုလိုတာကတော့ ငါမင်းကို … ချင်တယ်" ဆိုတဲ့ပုံစံမျိုး ဖြစ်ပါတယ်။ ဒီလိုအသုံးပြုပုံမျိုးကို အမိန့်အာဏာ သို့မဟုတ် အခွင့်အာဏာရှိတဲ့သူတွေအနေနဲ့ တစ်ခါတစ်ရံမှာ သုံးတတ်ပါတယ်။ ဥပမာ–

– I'd like you to come this way, Mrs Brown.
– I'd like you to take one of these tablets every night before going to sleep.
– I'd like you to come back tomorrow for the results of your tests.
– I'd like you to wait here, please.

ဘာသာစကားရှုထောင့်

ဒီလိုအခြေအနေမျိုးမှာ what I'd like you to do is to … ဆိုတဲ့ အသုံးကိုလည်း ပုံစံတူ သုံးနိုင်ပါတယ်။ အဓိပ္ပာယ်ကတော့ "ငါမင်းကို ပိုဖြစ်စေချင်၊ လုပ်စေချင်တာကတော့ …" ဆိုတဲ့သဘောပါပဲ။ ဥပမာ–

– What I'd like you to do is to take these tablets three times a day.
– What I'd like you to do is to make another appointment to see me next week.

၃။ အမိန့်ပေးညွှန်ကြားတာကို ပိုပြီးတော့ အလေးအနက်ထားစေချင်တဲ့အခါ you must … ဆိုတဲ့ ပုံစံမျိုးပြောနိုင်ပါတယ်။ ဆိုလိုတာကတော့ "မင်းမြန်မြန်၊ ချက်ချင်း၊ တစ်ခါထဲ လုပ်ကိုလုပ်ရမယ်" ဆိုတဲ့သဘောပါ။ ဥပမာ–

– You must leave immediately!
– You must tell the police at once!
– You must hurry!

**Conversation**

**Late for tea**

**Mum:** Call Lucy, please, Anne. We're about to have tea and she's in the garden.
**Anne:** Lucy! Come in now! Tea's ready!
**Lucy:** Tell Mum I'll be there in a minute, will you? I'm just finishing pruning a rose tree. It won't take long.
**Anne:** Get a move on, then! We're all starving!
**Lucy:** Start without me, then! I'll be there shortly.
**Anne:** Do remember that Gran's here for tea and she hates people being late.
**Lucy:** I know! Come and hold this for me, won't you, please. Anne? I'll get finished faster then.
**Anne:** OK! Hang on! I'm just coming.

ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာကဏ္ဍနှင့်ပတ်သက်ပြီး အကြံပြုဆွေးနွေးလိုပါက ဆရာဦးတင်လင်းအောင် ဖုန်း–၀၉–၄၂၈၉၅၄၄၆၂ သို့ ဆက်သွယ်အကြံပြုဆွေးနွေးနိုင်ပါသည်။

# ယူကရိန်းတင်းနစ်မယ် စဗစ်တိုလီနာ အီတလီအိုးပင်းဖလား ဆွတ်ခူး



အီတလီအိုးပင်း အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲတွင် ယူကရိန်းတင်းနစ်မယ် အယ်လီနာ စဗစ်တိုလီနာက နာမည်ကြီး အမေရိကန်တင်းနစ်မယ် ကိုကိုဂေါ့ဖ်ကို အကြိတ်အနယ် ယှဉ်ပြိုင်ကစားပြီး ၆-၄၊ ၆-၇ (၇-၃)၊ ၆-၂ ရလဒ်ဖြင့် နိုင်ပွဲရရှိကာ ဖလားဆွတ်ခူးနိုင်ခဲ့သည်။

စဗစ်တိုလီနာသည် အီတလီအိုးပင်းဖလားကို သုံးကြိမ်မြောက် ဆွတ်ခူးရရှိခဲ့ခြင်းဖြစ်သည်။ ၎င်းသည် အီတလီအိုးပင်းဖလားကို ၂၀၁၇ ခုနှစ်နှင့် ၂၀၁၈ ခုနှစ်တို့တွင်လည်း ဆွတ်ခူးထားသည်။

စဗစ်တိုလီနာသည် ပြိုင်ပွဲတစ်လျှောက်တွင် ကမ္ဘာ့အဆင့် (၂) ရှိုင်ဘာကီနာ၊ ကမ္ဘာ့အဆင့် (၃) ဆွီယာတက်ခ်တို့ကို အနိုင်ယူ ကျော်ဖြတ်ကာ ဗိုလ်လုပွဲသို့ တက်လှမ်းလာသူဖြစ်သည်။ ဗိုလ်လုပွဲတွင်လည်း ကမ္ဘာ့အဆင့် (၄) ကိုကိုဂေါ့ဖ်ကို ထပ်မံအနိုင်ယူ ကျော်ဖြတ်ကာ အီတလီအိုးပင်းဖလားကို ထိုက်ထိုက်တန်တန် ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

၎င်းသည် ယခုပြိုင်ပွဲမတိုင်မီ ကျင်းပခဲ့သည့် မက်ဒရစ်အိုးပင်းပြိုင်ပွဲတွင် ၆၄ ဦးအဆင့်အထိသာ တက်လှမ်းနိုင်ခဲ့သည်။

## ကလပ်နှင့်နိုင်ငံအသင်းအတွက် သွင်းဂိုး ၆၃ ဂိုးအထိရှိလာသည့် ဟယ်ရီကိန်း



ဘိုင်ယန်မြူးနစ်အသင်းတိုက်စစ်ကစားသမား ဟယ်ရီကိန်းသည် ရာသီသိမ်းပွဲစဉ်အဖြစ် ဘိုင်ယန်မြူးနစ်က ကိုလုံးအသင်းကို ငါးဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့သောပွဲစဉ်တွင် ဟက်ထရစ်သွင်းယူနိုင်ခဲ့သောကြောင့် ယခုနှစ်ရာသီ ဘွန်ဒက်စ်လီဂါတွင် လေးကြိမ်မြောက် ဟက်ထရစ်ကို ရယူနိုင်ခဲ့သည်။ ထို့ကြောင့် ဟယ်ရီကိန်းသည် ဘွန်ဒက်စ်လီဂါ ၃၁ ပွဲတွင် ၃၆ ဂိုးအပါအဝင် ၂၀၂၅-၂၀၂၆ ရာသီတွင် ကလပ်နှင့်နိုင်ငံအသင်းအတွက် သွင်းဂိုးပေါင်း ၆၃ ဂိုးအထိ ရှိလာပြီ ဖြစ်သည်။ ၎င်းသည် ဘွန်ဒက်စ်လီဂါ သမိုင်းတစ်လျှောက်တွင် သုံးရာသီဆက် ဂိုးသွင်းအများဆုံးဆုရရှိသည့် ပထမဆုံးကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

ဘွန်ဒက်စ်လီဂါကလပ် ဖရိုင်းဘတ်နဲ့ ပရီမီယာလိဂ်ကလပ် အက်စ်တွန်ဗီလာအသင်းတို့ရဲ့ ယူရိုပါလိဂ် ဗိုလ်လုပွဲစဉ်ကို လာမယ့် မေ ၂၁ ရက် နံနက်ပိုင်းမှာ တူကီယဲနိုင်ငံ အစ္စတန်ဘူလ်မြို့ရှိ ဘက်ဆစ်တပ်စ်အားကစားကွင်းမှာ ယှဉ်ပြိုင်ကစားသွားတော့မှာ ဖြစ်ပါတယ်။ ဒါကြောင့် ဘယ်အသင်းက နိုင်ပွဲရယူပြီး ဖလားဆွတ်ခူးသွားမလဲ လက်မလွှတ်တမ်းစောင့်ကြည့်သွားရမှာ ဖြစ်ပါတယ်။

## ယူရိုပါလိဂ်ဗိုလ်လုပွဲမှာ အခွင့်အရေးကို အသုံးချနိုင်တဲ့အသင်းသာ အောင်ပွဲခံမယ်

**ဖရိုင်းဘတ် VS အက်စ်တွန်ဗီလာ** နံနက် ၁း၃၀



■ စောင့်ကြည့်ရမယ့်ကစားသမား

အီဂေါမာတာနိုဗစ်
တိုက်စစ် (ဖရိုင်းဘတ်)
ပြိုင်ပွဲစုံသွင်းဂိုး - ၁၄ ဂိုး
ပြိုင်ပွဲစုံဂိုးဖန်တီးမှု - ၃ ကြိမ်

နည်းပြ ဂျူလီယန်ရှူစတာရဲ့ ဖရိုင်းဘတ်အသင်းက ခံစစ်ပိုင်းကျစ်လျစ်မှုရှိပြီး အသင်းလိုက်စုစည်းမှုအားကောင်းတယ်။ ဒါပေမယ့် တိုက်စစ်အဆုံးသတ်ပိုင်း အားနည်းတယ်။ နည်းပြအူနိုင်းအမ်မရီရဲ့ အက်စ်တွန်ဗီလာက တိုက်စစ်ပိုင်း ထက်မြက်ပြီး အဆုံးသတ်ပိုင်း သေချာတယ်။ သို့သော်ငြား အခွင့်အရေးကို အသုံးချနိုင်တဲ့အသင်းသာ နိုင်ပွဲရမယ်။

| ဖရိုင်းဘတ်ရဲ့ ယူရိုပါလိဂ်လေးပွဲ ရလဒ် | | |
|---|---|---|
| ဖရိုင်းဘတ် | ၃-၁ | ဘရာဂါ |
| ဘရာဂါ | ၂-၁ | ဖရိုင်းဘတ် |
| ဆဲလ်တာ | ၁-၃ | ဖရိုင်းဘတ် |
| ဖရိုင်းဘတ် | ၃-၀ | ဆဲလ်တာ |

| ဗီလာရဲ့ ယူရိုပါလိဂ်လေးပွဲ ရလဒ် | | |
|---|---|---|
| ဗီလာ | ၄-၀ | နော်တင်ဟမ် |
| နော်တင်ဟမ် | ၁-၀ | ဗီလာ |
| ဗီလာ | ၄-၀ | ဘိုလော့ဂ်နာ |
| ဘိုလော့ဂ်နာ | ၁-၃ | ဗီလာ |



■ စောင့်ကြည့်ရမယ့်ကစားသမား

အိုလီဝတ်ကင်စ်
တိုက်စစ် (အက်စ်တွန်ဗီလာ)
ပြိုင်ပွဲစုံသွင်းဂိုး - ၁၉ ဂိုး
ပြိုင်ပွဲစုံဂိုးဖန်တီးမှု - ၅ ကြိမ်

## ချယ်ဆီးကို အနိုင်ယူပြီး မန်စီးတီး အက်ဖ်အေဖလား ဆွတ်ခူး

အက်ဖ်အေဖလားဗိုလ်လုပွဲတွင် မန်စီးတီးက ဆီမန်ညို၏ တစ်လုံးတည်းသော သွင်းဂိုးဖြင့် ချယ်ဆီးကို အနိုင်ရပြီး အသင်းသမိုင်းတစ်လျှောက် ရှစ်ကြိမ်မြောက် ဆွတ်ခူးနိုင်ခဲ့သည်။

အဆိုပါ ပွဲစဉ်ကို မေ ၁၆ ရက် ညပိုင်းက နာမည်ကြီး ဝင်ဘလေအားကစားကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ပြီး ပရိသတ် ၈၃၀၀၀ ကျော် လာရောက်ကြည့်ရှုခဲ့သည်။



ချယ်ဆီးအသင်းသည် ဂိုးရရှိနိုင်သည့် အခွင့်အရေးအချို့ ဖန်တီးနိုင်ခဲ့သော်လည်း သွင်းဂိုးအဖြစ် ပြောင်းလဲနိုင်ခြင်း မရှိခဲ့ပေ။ ချယ်ဆီးအသင်းသည် မန်စီးတီးအသင်းကို ရှုံးနိမ့်ခဲ့သောကြောင့် အက်ဖ်အေဖလား ဗိုလ်လုပွဲတွင် လေးကြိမ်ဆက် ရှုံးနိမ့်မှုနှင့် ကြုံတွေ့ခဲ့ပြီး ဖလားဆွတ်ခူးခွင့် လွဲချော်ထားသည်။

မန်စီးတီးအသင်းသည် ကာရာဘောင်ဖလားပြိုင်ပွဲ ဗိုလ်လုပွဲတွင်လည်း အာဆင်နယ်အသင်းကို အနိုင်ယူကျော်ဖြတ်ကာ ဖလားဆွတ်ခူးရရှိထားသည်။

## တိုက်စစ်ကစားသမား လီဝမ်ဒေါ့စကီး ဘာစီလိုနာအသင်းမှ ထွက်ခွာမည်



တိုက်စစ်ကစားသမား ရော်ဘတ် လီဝမ်ဒေါ့စကီးသည် စာချုပ်သက်တမ်းကုန်ဆုံးတော့မည့် ယခုနှစ်နွေရာသီတွင် ဘာစီလိုနာအသင်းမှ ထွက်ခွာတော့မည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

အသက် ၃၇ နှစ်အရွယ် လီဝမ်ဒေါ့စကီးသည် ဘိုင်ယန်မြူးနစ်အသင်းတွင် ရှစ်နှစ်ကြာ ဖြတ်သန်းပြီးနောက် ၂၀၂၂ ခုနှစ်တွင် ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့ရောက်ရှိလာသူ ဖြစ်သည်။ ၎င်းသည် ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့ရောက်ရှိပြီးနောက် အသင်းအတွက် ပွဲပေါင်း ၁၉၁ ပွဲ ပါဝင်ကစားထားကာ ၁၁၉ ဂိုးသွင်းယူပေးထားသည်။

ထို့အပြင် ၎င်းသည် ဘာစီလိုနာအသင်းကို လာလီဂါဖလား သုံးကြိမ်နှင့် ကိုပါဒယ်ရေးဖလားတို့ကို ဆွတ်ခူးရရှိအောင် စွမ်းဆောင်ပေးထားနိုင်သည်။ ထိခိုက်ဒဏ်ရာပြဿနာများဖြင့် ရုန်းကန်ခဲ့ရသော ပိုလန်တိုက်စစ်ကစားသမားသည် ယခုနှစ်ရာသီတွင် လိဂ် ၁၅ ပွဲသာ ပွဲထွက်ကစားသမားအဖြစ် ပါဝင်ကစားခွင့် ရရှိထားသည်။

## နည်းပြအန်ဆယ်လော့တီ ဘရာဇီးအသင်းနှင့် လေးနှစ်သက်တမ်းတိုး စာချုပ်ချုပ်ဆို



နည်းပြ ကားလိုအန်ဆယ်လော့တီသည် ဘရာဇီးအသင်းနှင့် နောက်ထပ်လေးနှစ် သက်တမ်းတိုး စာချုပ်ချုပ်ဆိုလိုက်ပြီ ဖြစ်ကြောင်း ဘရာဇီးဘောလုံးအဖွဲ့ချုပ် (CBF) က မေ ၁၄ ရက်တွင် ပြောသည်။

အသက် ၆၆ နှစ်အရွယ် အီတလီလူမျိုး နည်းပြအန်ဆယ်လော့တီသည် ပြီးခဲ့သည့် မေလတွင် ဘရာဇီးအသင်းနှင့် စာချုပ်ချုပ်ဆိုခဲ့သည်။ ယင်းစာချုပ်သက်တမ်းမှာ လာမည့်လတွင် အမေရိကန်ပြည်ထောင်စု၊ မက္ကဆီကိုနှင့် ကနေဒါနိုင်ငံတို့တွင် ကျင်းပတော့မည့် ယခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲအထိ ချုပ်ဆိုခဲ့ခြင်း ဖြစ်သည်။ သို့သော်လည်း အန်ဆယ်လော့တီသည် ယခုသက်တမ်းတိုးစာချုပ်သစ်ကြောင့် ဘရာဇီးအသင်းတွင် ၂၀၃၀ ပြည့်နှစ်အထိ ရှိနေတော့မည် ဖြစ်သည်။

အန်ဆယ်လော့တီသည် နည်းပြအဖြစ် ခန့်အပ်ခြင်းခံရပြီးနောက် ဘရာဇီးအသင်းကို စုစုပေါင်း ၁၀ ပွဲ တာဝန်ယူကိုင်တွယ်ထားပြီး ငါးပွဲနိုင်၊ နှစ်ပွဲသရေနှင့် သုံးပွဲရှုံးရလဒ်ရရှိအောင် စွမ်းဆောင်ထားသည်။

■ မိုးဇက်-စုစည်းရေးသားသည်

## ထားဝယ်မြို့၌ ရက် (၁၀၀)စီမံချက်ဖြင့် အခြေခံနှင့်မွမ်းမံ စက်ချုပ်သင်တန်းဖွင့်

**ထားဝယ် မေ ၁၇**

ရက်(၁၀၀)စီမံချက်ဖြင့် အခြေခံနှင့် မွမ်းမံစက်ချုပ်နည်းပညာ သင်တန်းဖွင့်ပွဲ အခမ်းအနားကို



ယနေ့နံနက် ၁၀ နာရီက ထားဝယ်ခရိုင် MSME အသင်းရုံး DDPC Shopping House ၌ ကျင်းပရာ တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးအောင်ကျော်ကျော်ဦးက အမှာစကား ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန တိုင်းဦးစီးမှူးက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး MESME ဥက္ကဋ္ဌ ဦးနေမင်းက MSME လုပ်ငန်းနှင့် ပတ်သက်သည့် အကြောင်းအရာများအား ရှင်းလင်းပြောကြားသည်။ အဆိုပါ သင်တန်းတွင် သင်တန်းသူ ၁၀ ဦးအား ရက်သတ္တ ခုနစ်ပတ်ဖြင့် စာတွေ့လက်တွေ့ သင်ကြားပေးသွားမည်ဖြစ်သည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## ပွင့်ဖြူမြို့နယ်၌ အခြေခံနှင့် မွမ်းမံစက်ချုပ်နည်းပညာသင်တန်း ဖွင့်လှစ်ပို့ချ

**ပွင့်ဖြူ မေ ၁၇**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ အခြေခံနှင့် မွမ်းမံစက်ချုပ်နည်းပညာ သင်တန်းဖွင့်ပွဲ အခမ်းအနားကို မေ ၁၅ ရက်က ပွင့်ဖြူမြို့နယ် ဘိုကုန်းကျေးရွာ၌ ကျင်းပရာ ခရိုင်အသေးစား စက်မှုလက်မှု လုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်စိုးစိုးစံက အမှာစကား ပြောကြားသည်။



အဆိုပါ သင်တန်းသို့ ပွင့်ဖြူမြို့နယ် ဘိုကုန်းကျေးရွာနှင့် အနီးဝန်းကျင် ကျေးရွာများမှ သင်တန်းသူဦးရေ ၁၅ ဦး တက်ရောက်သင်ကြားပြီး အခြေခံ စက်ချုပ် နည်းပညာသင်တန်းကို မေ ၁၅ ရက်မှ ဇွန် ၁၃ ရက်အထိ လည်းကောင်း၊ မွမ်းမံစက်ချုပ် နည်းပညာသင်တန်းကို ဇွန် ၁၉ ရက်မှ ဇူလိုင် ၃ ရက်အထိ လည်းကောင်း ဖွင့်လှစ်ပို့ချ သင်ကြားပေးသွားမည် ဖြစ်ကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

## နေပြည်တော်–တောင်ငူ၊ တောင်ငူ–ပဲခူး RBE ရထားခရီးစဉ် နှစ်ခုတိုးချဲ့ပြေးဆွဲ

**တောင်ငူ မေ ၁၇**

နေပြည်တော်– တောင်ငူ၊ တောင်ငူ– နေပြည်တော်နှင့် တောင်ငူ–ပဲခူး၊ ပဲခူး– တောင်ငူ RBE ရထားခရီးစဉ်နှစ်ခုကို မေ ၁၅ ရက်မှစတင်၍ ရထားအမှတ် သ / ၅၀၂ အစုန် RBE ရထားသည် နေပြည်တော်ဘူတာမှ နေ့စဉ်နံနက် ၆ နာရီမှ စတင်ထွက်ခွာပြီး တောင်ငူဘူတာသို့ နံနက် (၈:၂၅) နာရီတွင် လည်းကောင်း၊ ရထားအမှတ် သ / ၅၀၁ အဆန် RBE ရထားသည် တောင်ငူဘူတာမှ နေ့စဉ်မွန်းလွဲ (၁၄:၀၀) နာရီတွင် ထွက်ခွာပြီး နေပြည်တော်ဘူတာသို့ ည (၁၆:၂၅)နာရီတွင် လည်းကောင်း၊ တောင်ငူ–ပဲခူး၊ ပဲခူး–တောင်ငူခရီးစဉ်တွင် ရထားအမှတ် သ/ ၆၀၂ အစုန်နှင့် သ/ ၆၀၁ အဆန် RBE ရထားနှစ်တွဲ နေ့စဉ် တိုးချဲ့ပြေးဆွဲလျက်ရှိရာ ရထားအမှတ် သ / ၆၀၂ အစုန် RBE ရထားနှစ်တွဲသည် တောင်ငူဘူတာမှ နေ့စဉ်နံနက် ၆ နာရီမှစတင်၍ ထွက်ခွာပြီး ပဲခူးဘူတာသို့ နံနက် (၁၀:၁၅)နာရီတွင် လည်းကောင်း၊ ရထားအမှတ် သ/၆၀၁ အဆန် RBE ရထား(၂)တွဲသည် ပဲခူးဘူတာမှ နေ့စဉ်မွန်းလွဲ (၁၄:၁၅) နာရီမှစတင်၍ တောင်ငူဘူတာသို့ ည (၁၈:၃၀) နာရီတွင် လည်းကောင်း အသီးသီးဆိုက်ရောက်သည်။

ရထားလက်မှတ်ခများမှာ နေပြည်တော်ခရီးစဉ်အတွက် တောင်ငူမှ မြို့လှဘူတာအထိ ကျပ် ၂၅၀၀နှင့် မြို့လှဘူတာကျော်ပါက ကျပ် ၅၀၀၀၊ ပဲခူး ခရီးစဉ်အတွက်တောင်ငူမှ ကျောက်တံခါးဘူတာအထိ ကျပ် ၄၀၀၀၊ ကျောက်တံခါးဘူတာ ကျော်ပါက ကျပ် ၈၀၀၀ ဖြစ်ကြောင်း တောင်ငူဘူတာရုံပိုင်ကြီး ဦးသိန်းမြထံမှ သိရသည်။

**ဇော်ကိုကို (တောင်ငူ)**








## မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေး

**မော်လမြိုင် မေ ၁၇**

မော်လမြိုင်မြို့နယ်၌ သစ်တောထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက မောင်ငံရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပရာ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးဖြိုးသက်နိုင်က ဒေသခံပြည်သူ ၆၁ ဦးအား သစ်တောသစ်ပင်ပြုစု ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းများ၊ မီးခိုးမြူငွေ့ဖြစ်ပေါ်လာသည့်အချက်များ၊ မီးခိုးမြူငွေ့ အမျိုးအစားများ၊ မီးခိုးမြူငွေ့၏ဆိုးကျိုးများ၊ ကာကွယ်နိုင်သည့် နည်းလမ်းများ၊ တောမီးအန္တရာယ်နှင့် ကြိုတင်ကာကွယ်နိုင်ရေး နည်းလမ်းများနှင့် သစ်ပင်စိုက်ပျိုးပြုစုထိန်းသိမ်းခြင်းကြောင့် ရာသီဥတု ကောင်းမွန်လာစေခြင်း အကျိုးကျေးဇူးများကိုလည်းကောင်း၊ တောအုပ်ကြီး ဦးအောင်ဇော်လတ်က “ရေချွေတာရေး”ခေါင်းစဉ်ဖြင့် လည်းကောင်း အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

**ခင်စန်းမြင့်(ပြန်/ဆက်)**



## သမဝါယမအသင်း နှစ်ပတ်လည်အစည်းအဝေးကျင်းပ

**ပုလော မေ ၁၇**

တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့ အမှတ်(၁)ရပ်ကွက် အဏ္ဏဝါရောင်းဝယ်ရေး သမဝါယမအသင်းလီမိတက်၏ ၂၀၂၅–၂၀၂၆ ဘဏ္ဍာနှစ်အတွက် အရပ်ရပ်ဆိုင်ရာ နှစ်ပတ်လည်အစည်းအဝေးကို မေ ၁၄ ရက်က အဏ္ဏဝါရောင်းဝယ်ရေး သမဝါယမအသင်းလီမိတက်ရုံး၌ ကျင်းပရာ သဘာပတိဦးသန်းနွယ်နှင့် မြို့နယ်သမဝါယမဦးစီးမှူး ဒေါ်အေးအေးမိုးတို့က သမဝါယမအသင်းများဆိုင်ရာ သိကောင်းစရာများကို ရှင်းလင်းပြောကြားပြီး ဒုတိယဥက္ကဋ္ဌ ဒေါ်စိမ်းလဲ့ဖြူက အသင်းမှ ငွေစုငွေချေးလုပ်ငန်းများနှင့် အသင်းသားများအပေါ် ပံ့ပိုးကူညီဆောင်ရွက်မှုများကို တင်ပြဆွေးနွေးသည်။

**မြို့နယ်(ပြန်/ဆက်)**



ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ်၌ မေ ၁၆ ရက်က မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ ဦးဆောင်ပြီး နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ဒေသခံပြည်သူများနှင့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၀၀၀ ခန့် မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းရှစ်ကျောင်းတွင် ၂၀၂၆–၂၀၂၇ ပညာသင်နှစ် ကျောင်းဖွင့်အမီ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။

မြို့နယ်(ပြန်/ဆက်)

## တပ်မတော်လူငယ်ပညာရေးသင်တန်းကျောင်းများအတွက် ကျောင်းသားသစ်များခေါ်ယူခြင်း

၁။ ၂၀၂၆-၂၀၂၇ ပညာသင်နှစ်မှစ၍ အခြေခံပညာအထက်တန်းဆင့် Grade-10၊ Grade-11 နှင့် Grade-12 အတန်းပညာများကို သင်ကြားလေ့ကျင့်ပေးမည့် အမှတ်(၁)တပ်မတော်လူငယ်ပညာရေးသင်တန်းကျောင်း(ရဲမွန်)၊ အမှတ်(၂)တပ်မတော်လူငယ်ပညာရေးသင်တန်းကျောင်း(နေပြည်တော်)တို့တွင် ဖွင့်လှစ်သွားမည်ဖြစ်ပြီး ကျောင်းသားသစ်များအဖြစ် လျှောက်ထားသူများသည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) Grade-10 သင်တန်းအတွက် Grade-9 အောင်မြင်ပြီး အသက် ၁၇ နှစ်ထက်မကြီးသူ၊ Grade-11 သင်တန်းအတွက် Grade-10 အောင်မြင်ပြီး အသက် ၁၈ နှစ် ထက်မကြီးသူ၊ Grade-12 သင်တန်းအတွက် Grade-11 အောင်မြင်ပြီး အသက် ၁၉ နှစ်ထက်မကြီးသူ ဖြစ်ရမည်။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူအမျိုးသား(လူပျို)ဖြစ်ရမည်။

(ဂ) တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူ၊ သို့မဟုတ် ပြစ်ဒဏ်စီရင်ခြင်းခံရဖူးသူ မဖြစ်စေရ။

(ဃ) စစ်ဘက်ဆိုင်ရာ ဆေးစစ်ခြင်းအောင်မြင်ရမည်။

၂။ လျှောက်လွှာများအား နီးစပ်ရာတပ်/ဌာနချုပ်များတွင် အခမဲ့ထုတ်ယူ၍ အောက်ပါစာရွက်စာတမ်းများနှင့်အတူ ၁၄-၅-၂၀၂၆ ရက်နေ့မှ ၂၀-၅-၂၀၂၆ ရက်နေ့အတွင်း လျှောက်ထားသူကာယကံရှင်ကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ နီးစပ်ရာတိုင်းစစ်ဌာနချုပ်များသို့ လျှောက်ထားရမည်-

(က) တစ်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ရောင်စုံဓာတ်ပုံ ၃ ပုံ။

(ခ) နိုင်ငံသားစိစစ်ရေးကတ်(မိတ္တူ)။

(ဂ) မိဘ/အုပ်ထိန်းသူ၏ နိုင်ငံသားစိစစ်ရေးကတ်(မိတ္တူ)။

(ဃ) အိမ်ထောင်စုဝင်လူဦးရေစာရင်း(ပုံစံ-၆၆/၆)(မိတ္တူ)။

(င) ကျောင်းထွက်လက်မှတ်(မိတ္တူ)။

(စ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး၊ သို့မဟုတ် မြို့နယ်ပြည်သူ့ရဲတပ်ဖွဲ့မှူးရုံး၏ ထောက်ခံစာမူရင်း။

(ဆ) မိဘ/အုပ်ထိန်းသူ၏ သဘောတူညီကြောင်း ထောက်ခံချက်။

၃။ ကျောင်းသားသစ်အဖြစ်လျှောက်ထားသူအား သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းကြီးကြပ်ရေးနှင့် ကျောင်းသားစိစစ်ရေးရွေးချယ်ရေးအဖွဲ့က ပဏာမရွေးချယ်ရန် အကြောင်းကြားလာပါက အပိုဒ်(၂)ပါစာရွက် စာတမ်းများ **မူရင်းနှင့်မိတ္တူ(၃)စောင်စီ**ယူဆောင်၍ ၂၂-၅-၂၀၂၆ ရက်အရောက် မိဘ/အုပ်ထိန်းသူနှင့်အတူ သတင်းပို့ရမည်။ ရွေးချယ်ခံ ရသူများအား ဆေးစစ်ခြင်းများပြုလုပ်၍ ဆေးစစ်အောင်မြင်သူများကို ကျောင်းသားအဖြစ် အတည်ပြုရွေးချယ် သွားမည်။

၄။ တပ်မတော်လူငယ်ပညာရေးသင်တန်းကျောင်းများသို့ တက်ရောက်ခွင့်ရရှိသော ကျောင်းသားများ၏ နေထိုင်စားသောက်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ ဆေးဝါးကုသမှု၊ ကျောင်းဝတ်စုံ၊ ကျောင်းသုံးပြဋ္ဌာန်းစာအုပ်၊ ဗလာစာအုပ်၊ စာရေးကိရိယာနှင့် အခြားသင်ထောက်ကူပစ္စည်းများ၊ အခြေခံပစ္စည်းများ အခမဲ့ရရှိမည့်အပြင် ပညာသင်ကြားနေစဉ်ကာလအတွင်း လစာအဖြစ် တစ်လလျှင် Grade-10 အတန်းအတွက် အခြေခံတပ်သားသစ်လစာ၏ ၃၀ ရာခိုင်နှုန်း (၄၃၂၀၀ိ/- ကျပ်)၊ Grade-11 အတန်းအတွက် အခြေခံတပ်သားသစ်လစာ၏ ၄၀ ရာခိုင်နှုန်း(၅၇၆၀၀ိ/- ကျပ်)နှင့် Grade-12 အတန်းအတွက် အခြေခံတပ်သားသစ်လစာ၏ ၅၀ ရာခိုင်နှုန်း(၇၂၀၀၀ိ/-ကျပ်)တို့အား ခံစားခွင့်ရှိသည်။

၅။ ကျောင်းသားများအား အခြေခံပညာအထက်တန်းဆင့်ဘာသာရပ်များကို ပညာရေးဝန်ကြီးဌာနနှင့်ပူးပေါင်း၍ နှစ်အလိုက် သင်ကြားလေ့ကျင့်ပေးသွားမည်ဖြစ်ပြီး နိုင်ငံတော်မှကျင်းပပြုလုပ်သည့်တက္ကသိုလ်ဝင်စာမေးပွဲကို ဝင်ရောက်ဖြေဆိုကြရမည်။ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူ ကျောင်းသားများသည် သတ်မှတ်အရည်အချင်းများနှင့် ကိုက်ညီမှုရှိပါက တပ်မတော်ဆိုင်ရာတက္ကသိုလ်နှင့်သိပ္ပံများသို့ လျှောက်ထားခွင့်ရှိသည်။ တပ်မတော်ဆိုင်ရာတက္ကသိုလ်နှင့် သိပ္ပံများသို့ တက်ရောက်ရန် သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီမှုမရှိပါက ကွန်ပျူတာဒီပလိုမာတပ်ကြပ်ကြီး/စာရေးသင်တန်းနှင့် တပ်မတော်ဆေးဘက်ဆိုင်ရာပညာသင်ကျောင်း၌ဖွင့်လှစ်သည့် တတိယအဆင့်ဆေးလက်ထောက်သင်တန်း(အထူး)သို့ လျှောက်ထားခွင့်ရှိသည်။

၆။ အသေးစိတ်သိရှိလိုပါက သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး၊ ပညာရေးဌာနစု၊ ဖုန်း-၀၃၆-၃၀၅၃၁/၀၃၆-၃၀၅၆၆ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး
ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် – ၅ ၊ နည်းဥပဒေ – ၁နှင့်၅ )
## ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံးတော်
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် –၁၁၇

၁။ ဒေါ်မြင့်မြင့် နှင့် ဦးလှစိုး
၂။ ဒေါ်တင်မိုးမိုးမြင့်
(တရားလိုများ) (တရားပြိုင်)

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၆)ရပ်ကွက်၊ ဒီပါအေးမြလမ်း၊ အမှတ် – ၉၈၅ နေ တရားပြိုင် ဦးလှစိုး (ယခုနေရပ်လိပ်စာ မသိသူ) သိစေရမည်။

သင့်အပေါ်၌တရားလိုတို့က "ပဋိညာဉ်အတိုင်း အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ပေးစေလိုမှု" လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၆ ခုနှစ်၊ မေလ ၂၉ ရက် ( ၁၃၈၈ ခုနှစ် ၊ နယုန်လဆန်း ၁၄ရက် မွန်းမတည့်မီ (၁၀)နာရီတွင် အထက်အမည်ပါသူတရားလိုတို့၏အဆိုလွှာကို ထုချေရှင်းလင်းရန်ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုတို့ကကြည့်ရှုလိုသည့် လိုအပ်သောအထောက်အထားစာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ် ၊ မေလ ၁၂ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(နှင်းယုလွင်)
တွဲဖက်မြို့နယ်တရားသူကြီး(၁)
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် TLR/5935 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကညန၊(ရွာသာကြီး)

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့၊ အောင်ဖေယျာရပ်ကွက်၊ နယ်မြေ(၈) အရှေ့လားသော်– လမ်း၊ အနောက်လားသော်– မြေကွက်အမှတ် – 24/266၊ တောင်လားသော် –မြေကွက်အမှတ်–24/243၊ မြောက်လားသော် – လမ်းစသည့် အလားလေးရပ်အတွင်းရှိ အကွက်အမည် (၉/ဃ)၊ ဦးပိုင်အမှတ်–(၃/ခ)၊ မြေကွက်အမှတ်–24/242၊ ဧရိယာ(ဝဒသမဝ၈၆)ဧကေ၊ (အလျား ၆၂.၅ပေx အနံ ပေ၆၀)ရှိ လန–၃၉၊ ဇုန် IV မြေအမျိုးအစားမြေကွက်နှင့်နေအိမ်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား ရောင်းချသူ ဒေါ်မူမူအောင် (၉/မထလ(နိုင်)၀၅၁၇၇၈) မှ တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်း ကတိပြုလျက် ရောင်းချခဲ့ရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သည့် ဦးကောင်းသက်နိုင်(ဘ)ဦးသက်ဆွေ ( ၁၂/သဃက(နိုင်) ၁၇၈၇၂၅) မှ ဝယ်ယူရန် သဘောတူညီခဲ့ကြပြီး (၁၄–၅–၂၀၂၆)ရက်စွဲပါ အရောင်းအဝယ်စာချုပ်ဖြင့် ရောင်းကြေးငွေများကို ပေးချေခဲ့ပြီးနောက် အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုခြင်း၊ ဂရန်လျှောက်ထားခြင်းကိစ္စများအား ဆက်လက်ဆောင်ရွက်မည်ဖြစ်၍ ကန့်ကွက်လိုပါက စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါရှိသည့်ရက်မှစ၍ (၁၄) ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်အောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးကောင်းသက်နိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ–
ဒေါ်ခင်မို့မို့လွင် (LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်–၉၀၂၇)
မြို့သစ်(၃)၊ အောင်ဆန်းရပ်ကွက်၊ မိတ္ထီလာမြို့၊
ဖုန်း–၀၉–၇၉၄၂၅၉၄၇၃

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 73W/93405, Yunde–110, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်သီရိစိုး ၉/မရတ(နိုင်)၁၁၃၅၈၄ က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(မန္တလေးတောင်ပိုင်း) မန္တလေးမြို့

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 60W/16274, Kamax –125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးချစ်သူ ၉/ခမစ(နိုင်)၀၃၆၈၀၃ က(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(မန္တလေးတောင်ပိုင်း) မန္တလေးမြို့

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 71W/52079, Canda–125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးနိုင်လင်းထွန်း ၉/မနတ(နိုင်)၁၀၂၃၂၁ က(ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(မန္တလေးတောင်ပိုင်း) မန္တလေးမြို့

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 17W/41499, Honda Click NE –110, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်စုဖြိုးဝေ ၁/ဟပန(နိုင်)၀၀၂၅၂၆ က(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(မန္တလေးတောင်ပိုင်း) မန္တလေးမြို့

## ကြော်ငြာစာ
## အမွေဆက်ခံရန်သက်သေခံလက်မှတ်လျှောက်ထားကြောင်း အကြောင်းကြားစာ
## ( အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၈၃ )
## သဃ်န်းကျွန်းခရိုင်တရားရုံးတော်
## ၂၀၂၆ ခုနှစ် ၊ တရားမထွေထွေမှုအမှတ် – ၂၃

**ကွယ်လွန်သူဦးလှသန်း၏ကျန်ရစ်သောပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု**

ဒေါ်ရင်ရင်အောင် လျှောက်ထားသူ

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ စစ်ကိုင်းလမ်း၊ ၊ အမှတ် – ၈၂၉/က ၌ နေထိုင်ခဲ့သော ကွယ်လွန်သူဦးလှသန်း၏ ကျန်ရစ်သောပစ္စည်းအပေါ်၌ အမွေထိန်းလက်မှတ်စာထုတ်ပေးပါမည့်အကြောင်းနှင့် ဒေါ်ရင်ရင်အောင်က အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၆ ခုနှစ်၊ မေလ ၂၅ ရက် (၁၃၈၈ ခုနှစ် ၊ နယုန်လဆန်း ၊ ၁၀ ရက်)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူဦးလှသန်းတွင် အကျိုးစီးပွားသက်ဆိုင်သည် အဆိုရှိသူတို့အား အဆိုပါအမှုတွင် (၎င်းတို့လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟုထင်မြင်လျှင်)ဆိုခဲ့သော ၂၀၂၆ ခုနှစ်၊ မေလ ၂၅ ရက် (၁၃၈၈ ခုနှစ် ၊ နယုန်လဆန်း ၁၀ ရက်)၌ မိမိတို့ ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်မထုတ်ပေးမီ မှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ – ၂၈၃ နှင့် အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိပျက်ကွက်ခဲ့လျှင် ရုံးတော်က လျှောက်ထားသူ၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၆ ခုနှစ်၊ မေလ ၁၄ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(နီလာအောင်)
ဒုတိယခရိုင်တရားသူကြီး (၂)
သဃ်န်းကျွန်းခရိုင်တရားရုံး

## အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးကြောင်း အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်ဝင်းဝါဖြူ (၅/မရန(နိုင်)၂၀၇၈၆၇)နှင့် ဦးကျော်သီဟ(ဘ)ဦးကျော်မိုး (၁၂/မဘန(နိုင်)၁၀၇၄၂၇) တို့သည် တစ်ဦးနှင့်တစ်ဦး ဆက်လက်ပေါင်းသင်းနေထိုင်ရန် ဆန္ဒမရှိကြတော့သဖြင့် (၂၉–၃–၂၀၂၆) ရက်တွင် လွတ်လပ်သော ကိုယ်ပိုင်ဆန္ဒများအရ အသိသက်သေများရှေ့မှောက်၌ "မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ အကြင်လင်မယားအဖြစ်မှ နှစ်ဦးသဘောတူ တရားဝင်ကွာရှင်းပြတ်စဲပြီး၍ "နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်းကတိစာချုပ်"ကိုလည်း ပြုလုပ်ချုပ်ဆိုပြီးဖြစ်ပါသည်။ ထို့ကြောင့် ဒေါ်ဝင်းဝါဖြူ နှင့် ဦးကျော်သီဟတို့သည် နောက်နောင်တွင် တစ်ဦးနှင့်တစ်ဦး မည်သို့မျှဆက်စပ်သက်ဆိုင်ခြင်း အလျဉ်းမရှိတော့ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ဝင်းဝါဖြူ၏ လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်စိုးသန္တာ( LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်–၁၀၇၂၆)
ဗန္ဓုလရပ်ကွက် ၊ မုံရွာမြို့၊ ဖုန်း–၀၉–၂၅၄၂၃၇၂၅၉

## ပျောက်ဆုံးကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ ရုံးကြီးရပ်ကွက်နေ ဦးဝမ်ခဲ(ခ) ဦးထွန်းထွန်းနိုင်၏သား မောင်ခန့်သူထွန်း ၅/မရန(နိုင်)၂၉၁၄၄၁ ၏ နိုင်ငံကူးလက်မှတ် MD–747496 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း–၀၉–၉၄၉၁၀၂၇၀၁

## မိဘအမည်မှန်

နာဂဒေသ၊ လဟယ်မြို့၊ တိုးချဲ့–၂ရပ်ကွက်နေ မောင်ဇာဖိုင်း (Grade–12) (အထကလဟယ်) ၏ မိဘအမည်မှန်မှာ ဦးခိုင်းလူး ၅/လဟန(နိုင်)၀၀၇၅၅၄ နှင့် ဒေါ်ဇလုံး ၅/လဟန(နိုင်)၀၃၂၁၁၀ ဖြစ်ပါကြောင်း။

ဦးခိုင်းလူး၊ ဒေါ်ဇလုံး

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၇၁)၊ ဗိုလ်မင်းရောင်(၁)လမ်း၊ မြေကွက်အမှတ် (၂၀၁၈/ခ) ဟုခေါ်တွင်သော မြေအကျယ်အဝန်း ပေ(၂၀x၆၀)ရှိမြေချပါမစ်မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား မူလအမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်မြမြ (CE–၀၁၂၇၂၄) (ဘ)ဦးသူတော် ထံမှ အရောင်းအဝယ်စာချုပ်စာတမ်းအဆက်အစပ်ဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့် ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်ခိုင်ဇင်ဦး ၇/သနပ(နိုင်)၁၂၄၄၇၈ ထံမှ ကျွန်မဒေါ်နှင်းနှင်းဝင်း ၁၂/ဒဂတ(နိုင်)၀၆၂၀၇၄ ၏ကိုယ်စား စီမံခွင့်ပေးထားသူ ဒေါ်ချစ်စုနွယ် ၇/ပမန(နိုင်) ၁၉၉၇၉၂ အမည်ဖြင့် အဆိုပါမြေကွက်အား အပြီးအပိုင် လက်ရောက်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြေညာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်မထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်နှင်းနှင်းဝင်း ၁၂/ဒဂတ(နိုင်)၀၆၂၀၇၄
အမှတ်–G/22၊ ပါရမီလမ်း၊ (၉)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း–၀၉–၇၅၆၁၆၃၆၆၅

## အများသိစေရန် အသိပေးကြေညာခြင်း

ကျွန်ုပ်၏အမှုသည်ဖြစ်သူ ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်မြို့၊ အမှတ်(၁၀)ရပ်ကွက်၊ ကန္တားလမ်း၊ အမှတ်(၉၃)နေ ဒေါ်သီရိသဇင်(ဘ) ဦးခင်မောင်သန်း(၁၄/မအပ(နိုင်)၁၅၁၈၁၄) ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ ကျွန်ုပ်၏အမှုသည်သည် အထက်ဖော်ပြပါလိပ်စာတွင် အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းကို နာမည်ပျက်မရှိဘဲ၊ ဂုဏ်သိက္ခာရှိစွာ ဖွင့်လှစ်ရောင်းချနေသူ ဖြစ်ပါသည်။ အချို့လူပုဂ္ဂိုလ်များသည် ဒေါ်သီရိသဇင်၏ ဂုဏ်သိက္ခာထိခိုက်ကျဆင်းစေရန် မမှန်မကန်ဖန်တီးမှုများပြုလုပ်ပြီး အသရေဖျက်ခြင်း၊ နှောင့်ယှက်ခြင်း၊ စိတ်ငြိုငြင်စေခြင်း၊ ခြောက်လှန့်တောင်းယူရန်ကြိုးပမ်းခြင်း၊ ခြိမ်းခြောက်ခြင်း၊ မဟုတ်မမှန်စွပ်စွဲပြောဆိုခြင်းတို့ကို ပြုလုပ်နေကြောင်း သိရှိရပါသည်။ ဒေါ်သီရိသဇင်နှင့်ပတ်သက်၍ အသရေပျက် ထိခိုက်နစ်နာစေသော မဟုတ်မမှန်သည့် ဖော်ပြချက်များကို ရေးသားဖြန့်ဝေခြင်း၊ နှောင့်ယှက်ခြင်း၊ စွပ်စွဲပြောဆိုခြင်းတို့အား ဆက်လက်မပြုလုပ်ရန် အသိပေးတားမြစ်လိုက်ပါသည်။ ထိုသို့တားမြစ်ထားပါလျက် မရိုးမဖြောင့်သောသဘောဖြင့် ထပ်မံပြုလုပ်ပါက ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဒေါ်သီရိသဇင်၏လွှဲအပ်ညွှန်ကြားချက်အရ–
ဦးသန်းထူးကျော် အထက်တန်းရှေ့နေ(စဉ်–၅၆၄၄၇)
LL.B, D.I.PL, D.B.L, WIPO (Switzerland)
ဖုန်း–၀၉–၂၅၄၃၂၁၀၆၁

## နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်တွင် တည်ဆောက်လျက်ရှိသည့် သုခတော်ဝင်အိမ်ရာအပိုင်း(၂) ဝယ်ယူလိုသူများ လျှောက်ထားနိုင်ခြင်း

၁။ နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ သုခသိဒ္ဓိရပ်ကွက် "သုခတော်ဝင်အိမ်ရာအပိုင်း(၂)" (၄)ခန်းတွဲ (၄)ထပ်၊ တိုက်ခန်း(၁)ခန်းလျှင် အိပ်ခန်း(၃)ခန်းပါ (၁၀၉၂)စတုရန်းပေနှင့် တိုက်ခန်း(၁)ခန်းလျှင် အိပ်ခန်း(၂)ခန်းပါ (၇၃၂)စတုရန်းပေရှိ တိုက်ခန်းများတည်ဆောက်လျက်ရှိပြီး မြေညီထပ်၊ ပထမထပ်၊ ဒုတိယထပ်နှင့် တတိယထပ်တို့အား အောက်ပါဈေးနှုန်းများအတိုင်း မည်သူမဆို လွတ်လပ်စွာရောင်းချပေးသွားမည်ဖြစ်ပါသည်–

| စဉ် | အထပ်အမျိုးအစား | အကျယ်အဝန်း (၁၀၉၂) စတုရန်းပေ(3 Bed) | အကျယ်အဝန်း (၇၃၂)စတုရန်းပေ(2 Bed) |
|---|---|---|---|
| (က) | မြေညီထပ်ဈေးနှုန်း | ကျပ်သိန်း (၂၅၀၀) | ကျပ်သိန်း (၁၇၅၀) |
| ( ခ) | ပထမထပ်ဈေးနှုန်း | ကျပ်သိန်း (၂၄၀၀) | ကျပ်သိန်း (၁၆၀၀) |
| ( ဂ) | ဒုတိယထပ်ဈေးနှုန်း | ကျပ်သိန်း (၂၂၀၀) | ကျပ်သိန်း (၁၄၀၀) |
| (ဃ) | တတိယထပ်ဈေးနှုန်း | ကျပ်သိန်း (၁၈၅၀) | ကျပ်သိန်း (၁၃၀၀) |

၂။ တိုက်ခန်းဝယ်ယူလိုသူများသည် နေပြည်တော်ဖွံ့ဖြိုးရေးဘဏ်လီမိတက်တွင် မိမိဝယ်ယူလိုသည့် တိုက်ခန်းအထပ်အလိုက် **(3Bed) ငွေကျပ် (၂၃၀)သိန်းနှင့် (2Bed) ငွေကျပ် (၁၅၀)သိန်း**အား အာမခံစပေါ်ငွေ အဖြစ်ပေးသွင်းထားသည့် PO Cheque (မူရင်း)ဖြင့် သုခတော်ဝင်အိမ်ရာစီစစ်နေရာချထားရေးဆပ်ကော်မတီမှ သတ်မှတ်ထားသော လျှောက်လွှာပုံစံတွင် ပူးတွဲတင်ပြ၍ စီမံရေးရာဌာန၊ နေပြည်တော်စည်ပင်သာယာရေး ကော်မတီသို့ လာရောက်လျှောက်ထားနိုင်ပါသည်။

၃။ လျှောက်လွှာတင်သည့် အရေအတွက်ပေါ်မူတည်၍ တိုက်ခန်းများကို မဲနှိုက်နေရာချထားပေးမည် ဖြစ်ပြီး ဝယ်ယူခွင့်မဲပေါက်သူများအနေဖြင့် မဲနှိုက်ပြီး(၂)ပတ်အတွင်း တိုက်ခန်းတန်ဖိုး၏ ကနဦး(၄၀%)အား ပေးသွင်း၍ ကျန်ငွေ(၆၀%)အား အောက်ဖော်ပြပါ ငွေပေးချေမှုစနစ်ဖြင့် ဆောင်ရွက်နိုင်ပါသည်–

(က) လက်ငင်းအကျေစနစ်ဖြင့်ပေးသွင်းလိုသူများအား မဲနှိုက်ပြီး(၁)လအတွင်း ပေးသွင်းစေခြင်း၊
( ခ) အရစ်ကျစနစ်ဖြင့်ပေးသွင်းလိုသူများအား (၆)လ(၆)ရစ်ဖြင့် (၁၀%)စီပေးသွင်းစေခြင်း၊
( ဂ) ဘဏ်ချေးငွေစနစ်ဖြင့် ပေးသွင်းလိုသူများအား နေပြည်တော်ဖွံ့ဖြိုးရေးဘဏ်နှင့် (၁)လအတွင်း ဆက်သွယ်၍ ချေးငွေသက်တမ်း(၃နှစ်)ဖြင့် ပေးသွင်းစေခြင်း။

၄။ လျှောက်ထားလိုသူများသည် (၁၈–၆–၂၀၂၆)ရက်နေ့ နောက်ဆုံးထား၍ (၁) လအတွင်း လျှောက်ထားရမည်ဖြစ်ပြီး ပြည်ထောင်စုမြန်မာနိုင်ငံသားမည်သူမဆို လွတ်လပ်စွာဝယ်ယူနိုင်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

၅။ လျှောက်ထားလိုသူများသည် အသေးစိတ်သိရှိလိုပါက နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ NPTDC Website www.nptdc.gov.mm၊ NPTDC Webportal Facebook Page နှင့် သုခတော်ဝင် Facebook Page တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပြီး အောက်ပါဖုန်းနံပါတ်များသို့လည်း ဆက်သွယ်စုံစမ်းနိုင်ပါသည်–

(၁) သုခတော်ဝင်အိမ်ရာ စိစစ်နေရာချထားရေးဆပ်ကော်မတီ
( ၀၆၇ – ၃၄၁၄၆၁၇ ၊ ၀၆၇ – ၈၁၀၈၂၄၂ )
(၂) ဘဏ်ချေးငွေဖြင့် ဝယ်ယူလိုပါက နေပြည်တော်ဖွံ့ဖြိုးရေးဘဏ်လီမိတက်
( ၀၆၇ – ၃၄၃၂၇၃၈၊ ၀၆၇ – ၃၄၃၂၇၃၉ )

(သုခတော်ဝင်အိမ်ရာစိစစ်နေရာချထားရေးဆပ်ကော်မတီ)

## ဦးမိုးနိုင်(၁၂/မဂတ(နိုင်)၀၃၈၅၄၄)နှင့် အိမ်ငှား ဦးစန်းမြင့် အပါအဝင် သက်ဆိုင်သူအများသိစေရန်ကြော်ငြာ

၁။ ဒေါ်ဇူဇန်လင်း(၉/မခန(နိုင်)၂၅၅၃၅၇)၊ မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့၊ အမှတ်၁၉ကွက်သစ်၊ ဝိုင်းအမှတ်(ခ–၂၂၁) တွင် နေထိုင်သူ၏ ညွှန်ကြားချက်အရ

၂။ ကွယ်လွန်သူ ဒေါ်ခင်သိန်း(၁၂/လသန(နိုင်)၀၁၂၀၉၇)၊ မကွယ်လွန်မီက ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဇူဇန်လင်းကို မြင်းခြံမြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ အမွေစားအမွေခံကိတ္တိမသမီးအဖြစ် မွေးစားစာချုပ်အမှတ်–၂၀/၂၀၂၁ဖြင့် (၁၇–၆–၂၀၂၁)ရက်တွင် မှတ်ပုံတင်စာချုပ်ချုပ်ဆိုမွေးစားခဲ့ပါသည်။

၃။ ကွယ်လွန်သူ ဒေါ်ခင်သိန်းသည် မကွယ်လွန်မီက ရန်ကုန်တိုင်းဒေသကြီး၊သန်လျင်မြို့နယ်၊အောင်ချမ်းသာရပ်ကွက်၊ ဈေး(၂)လမ်း၊ အမှတ်(၂၅)ဟုခေါ်တွင်သော မြေကွက်နှင့်အိမ်ကို မှတ်ပုံတင်စာချုပ်အမှတ်–၂၂၃/၂၀၂၂ဖြင့် ဝယ်ယူပိုင်ဆိုင်လက်ရောက်ရရှိခဲ့ကာ၊ အိမ်ငှားဦးစန်းမြင့် မိသားစုကို အိမ်ငှားအဖြစ် ထားရှိခဲ့ပါသည်။

၄။ အဆိုပါစာပိုဒ်(၃)ပါမြေကွက်နှင့်အိမ်သည်ဒေါ်ခင်သိန်းကွယ်လွန်သည့်(၇–၄–၂၀၂၃)ရက်မှစ၍ တရားဝင်ကိတ္တိမမွေးစားသမီး ဒေါ်ဇူဇန်လင်းက မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ အမွေဆက်ခံပိုင်ဆိုင်ပါသည်။

၅။ (၁၇–၂–၂၀၂၅)ရက်တွင် ဦးမိုးနိုင်၏ရှေ့နေ ဦးဖြိုးဝေထွန်း(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်–၁၁၉၅၃)ထံမှ ဒေါ်ဇူဇန်လင်းထံ လိပ်မူပေးပို့သော အကြောင်းကြားအသိပေးခြင်းစာကို ဒေါ်ဇူဇန်လင်းက ပယ်ချလိုက်ကြောင်းနှင့် မြေကွက်နှင့်အိမ်ကို (၃၁–၅–၂၀၂၆)ရက်တွင် ဒေါ်ဇူဇန်လင်းမှ လက်ရောက်ရယူမည်ဖြစ်ကြောင်းနှင့်နှောင့်ယှက်သူများကို ဥပဒေနှင့်အညီ အရေးယူမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဒေါ်ဇူဇန်လင်း၏ ညွှန်ကြားချက်အရ
ဒေါ်စုမြတ်မွန်(LL.B)(စဉ်–၁၄၉၁၈) တရားလွှတ်တော်ရှေ့နေ
အမှတ်–၁၂၊ နတ်ချောင်း(၃)လမ်း၊ နတ်ချောင်းရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း–၀၉–၄၅၁၂၃၈၇၉၂

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၄၅/ သံဒင်း)ရပ်ကွက်၊ ချောင်းသာပတ်လမ်း၊ အမှတ်(၉၂၀/က) ဦးညီညီအောင် အမည်ပေါက် မြေချပါမစ်(မူရင်း) မြေအကျယ်အဝန်းအလျား (၁၀)ပေx အနံပေ(၆၀) (ခေါင်းရင်းခြမ်း)အား ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဒေါ်မြင့်မြင့်ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးရဲဝင်းထွဋ်နှင့် မအေးယုမော် (၁၂/ရပသ(နိုင်)၀၂၇၃၈၂) တို့က (၂၅.၉.၂၀၁၆)ခုနှစ်ကတည်းက ဝယ်ယူပြီး လက်ရောက်ရယူပိုင်ဆိုင်ထားရှိခဲ့ပါသည်။ ယခုအခါ မအေးယုမော်သည် အမှတ်(၉၂၀/က)၊ ချောင်းသာပတ်လမ်း၊ (၄၅/ သံဒင်း)ရပ်ကွက်ရှိ နေအိမ်အား မည်သူတစ်ဦးတစ်ယောက်အား ရောင်းချ၊ ပေါင်နှံ၊ လွှဲပြောင်းထားခြင်းမရှိဘဲ မိမိတို့တစ်ဦးတည်းသာ ပိုင်ဆိုင်ကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

ဒေါ်အေးယုမော်၏လွှဲအပ်ညွှန်ကြားချက်အရ–
ဒေါ်ထွေးထွေးဝင်း (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်–၁၂၇၂၇)
အမှတ်(၂၁၆၄/ခ)၊ မဟာဗန္ဓုလလမ်း၊ (ထ/၁၆)ရပ်ကွက်၊ ရွှေပြည်သာ၊
ဖုန်း–၀၉ –၄၂၀၀၆၆၇၆၀

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မုန့်လုပ်ဆောင်းကုန်း (မြောက်)ရပ်ကွက်၊ ရန်ကြီးအောင်လမ်း၊ အမှတ်(၃၇)၊ အခန်းအမှတ် (တတိယထပ်)(၄–လွှာ)တိုက်ခန်းအပါအဝင် ယင်းတိုက်ခန်းနှင့်သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ရှိပိုင်ဆိုင်ပြီး၊ တရားဝင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသူ ဦးဇင်မောင်မောင်သန့် (၁၂/ဒဂမ(နိုင်)၀၁၄၆၈၉)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးတင်အောင်စန်းလင်း (၁၂/ဥကမ(နိုင်)၂၁၁၆၀၃)က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီးနောက်ပိုင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ –

| | | |
|---|---|---|
| ဒေါ်စုစုခိုင် (LL.B) | ဒေါ်ခင်စောသိန်း (LL.B) | ဒေါ်သိမ့်သဥ္ဇလီ(LL.B,LL.M) |
| (စဉ်–၁၁၅၅၃) | (စဉ်–၁၃၂၈၆) | (စဉ်–၅၆၈၈၇) |
| တရားလွှတ်တော်ရှေ့နေများ | | အထက်တန်းရှေ့နေ |

တိုက်(၁၀/၁၂)၊ ပထမထပ်၊ အခန်း(၁၀၄/H)၊ ၃၅–လမ်း(အောက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း–၀၉–၄၄၃၀၂၆၁၉၉၊ ၀၉–၇၃၀၂၆၁၉၉

## တစ်ဦးတည်းဖြစ်ကြောင်း

မိတ္ထီလာတက္ကသိုလ်မှ ၂၀၂၅–၂၀၂၆ ပညာသင်နှစ်တွင် ပထဝီဝင်ဘာသာရပ်ဖြင့် စတုတ္ထနှစ်အောင်မြင်ခဲ့သော မစိုးစန္ဒာဖြိုး၏ဖခင် ဦးခင်မောင်စိုး (ခ) ဦးကျော်သက် ၉/မထလ(နိုင်) ၁၉၁၀၅၈မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးခင်မောင်စိုး(ခ)
ဦးကျော်သက်

## အမည်မှန်

